မြန်မာနိုင်ငံ
ကက်သလစ်
ဆရာတော်များ
အဖွဲ့ချုပ်
သတင်းဂျာနယ်

# the CBCM Herald

ငါသည်
ရှင်ပြန်ထမြောက်ခြင်းဖြစ်၏။
အသက်လည်းဖြစ်၏။
ငါ့ကိုယုံကြည်သောသူသည်
သေပြီးသော်လည်း
အသက်ရှင်လိမ့်မည်။
ယောဟန် ၁၁း၂၅

နိုဝင်ဘာလ ၂၀၁၈ ခုနှစ် | မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည် | အတွဲ (၃) အမှတ် (၁၀)

## မန္တလေးတိုင်းဒေသကြီး ပလိပ် ချမ်းသာကုန်းကျေးရွာတွင် ကျင်းပသော စိတ်ပုတီးသခင်မပွဲတော်





စာ - ၂၁

SYNODUS EPISCOPORUM

## ၁၅ ကြိမ်မြောက် ဆရာတော်ကြီးများညီလာခံ

၃ - ၂၈ ရက် အောက်တိုဘာလ ၂၀၁၈ ခုနှစ်

စာ - ၁၂

## ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့ အာဒ်ဝင်တူးကာလ ပထမ တနင်္ဂနွေနေ့မှ စတင်ကာ မြန်မာဘာသာဖြင့် မစ္ဆားပူဇော်ရာတွင် မစ္ဆားပူဇော်ခြင်းဝိနည်း အသစ်ကို အသုံးပြုရမည်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်
၂၉၂ (က) ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့၊ ၁၁၁၁၁။

CATHOLIC BISHOPS' CONFERENCE OF MYANMAR (CBCM)

292 (A) Pyay Road
Sanchaung P.O
YANGON 11111
MYANMAR
CABLE: CATHWEL

G.P.O BOX 1080
(95) - (1) 500398 - Executive Secretary
(95) - (1) 525724 - Procurator
(95) - (1) 525868/511040 - Receptionist
FAX: (95) - (1) 527198

Ref 33R/2018

E-mail: secrcbcm@gmail.com

မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်
အမိန့်ထုတ်ပြန်ချက်

ဘုရားဝတ်ပြုကိုးကွယ်မှုနှင့် စက္ကရမင်တူးမင်္ဂလာများဝိနည်းဥပဒေဆိုင်ရာ သာသနာ့ရုံးတော် ( Congregation For Divine Worship And Discipline Of The Sacraments) မှ ရိုမင်မစ္ဆားပူဇော်ခြင်းဝိနည်းတော်ကို တတိယအကြိမ် စံနမူနာအဖြစ် စာအုပ် အသစ်ကို ခရစ်သက္ကရာဇ် ၂၀၀၀ ခုနှစ်၊ ဧပြီလ ၁၀ ရက် နေ့တွင် ပုံနှိပ်ထုတ်ဝေပေးခဲ့ပြီး သက်ဆိုင်ရာ ဆရာတော် ကြီးများ အဖွဲ့ချုပ်အနေဖြင့် သင့်လျော်သော ကာလ အပိုင်းအခြားတွင် မိမိတို့သက်ဆိုင်ရာ ဘာသာ အသီးသီးဖြင့် လွဲမှားမှုမရှိရလေအောင် စေ့စပ်သေချာစွာ ဥပဒေစံအတိုင်းဘာသာပြန်ဆိုရန် အမိန့်ထုတ်ပြန်ခဲ့ သည့် အတိုင်း မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီး များ အဖွဲ့ချုပ်မှ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝတ်ပြုကိုးကွယ်ခြင်း ကော်မရှင်သို့ တာဝန်ပေးအပ်ခဲ့ပေသည်။ တာဝန်ပေးအပ်ထားသည့်အတိုင်း (Recognitio) အသိအမှတ်ပြုခြင်းရရှိထားပြီးသော မစ္ဆားပူဇော်ခြင်းဝိနည်း တော်ကို ၂၀၁၇ ခုနှစ်မှစ၍ မြန်မာဘာသာဖြင့် ထုတ်ဝေ အသုံးပြုလာခဲ့ရာ ၂၀၁၇ ခုနှစ်အထိ ဆယ်နှစ် တိုင်တိုင် အသုံးပြုခဲ့ပြီးဖြစ်သည်။ ယခုတစ်ဖန် သာသနာတော်မှ ပြဌာန်းထားသည့် မူရင်းစာအုပ်အတိုင်း သစ္စာရှိရှိ စေ့စပ်သေချာစွာကြိုးပမ်းထားသော မစ္ဆားပူဇော်ခြင်းဝိနည်းတော် (Emended Version) ကို ပုံနှိပ်ထုတ်ဝေနိုင်ခြင်း ဖြစ်သည်။ အသုံးပြုနေစဉ် လိုအပ်ချက်များနှင့် သာသနာတော်အတွင်း ဆက်လက်၍ ရှိနေမည့် အသစ်ပြောင်းလဲပြုပြင်မှုများကို နောင်တွင် ဆက်လက်ထွက်ပေါ်မည့် (Emended Version) အသစ်တွင် ထည့်သွင်းပြုပြင်နိုင်မည်ဖြစ်သည်။ သို့ဖြင့်၍ ကက်သလစ်သာသနာတော်ကြီးမှ တရားဝင်ပြဌာန်းထားသော တတိယ အကြိမ် စံနမူနာအဖြစ် ပုံနှိပ်ထုတ်ဝေထားသော (The Third Typical Edition) ရိုမင် မစ္ဆားပူဇော်ခြင်းဝိနည်းတော်ကို မြန်မာဘာသာသို့ စီစစ်၍ ပြန်ဆိုထားပြီး ပုံနှိပ်ထုတ်ဝေလိုက်သည်။

ဤမစ္ဆားပူဇော်ခြင်းဝိနည်းတော်ကို ခရစ်သက္ကရာဇ် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့၊ အာဒ်ဝင်တူးပထမတနင်္ဂနွေနေ့တွင် တရားဝင်စတင် အသုံးပြုရန် အမိန့်ထုတ်ပြန်လိုက်သည်။ မည်သည့်အရာမျှ အဆီးအတားအနှောက်အယှက် မရှိစေရ။

ဤအမိန့် ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ကျွန်ုပ်တို့၏ ကယ်တင်ရှင် အလွန်စင်ကြယ်တော်မူသော ယေဇူးရှေ့နှလုံးတော်ပွဲနေ့၊ ခရစ်သက္ကရာဇ် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်၊ သောကြာနေ့တွင် ထုတ်ပြန်လိုက်သည်။

ဆရာတော်ကြီး ဖေလစ်လျံခင်းထန်
ကလေးဂိုဏ်းအုပ်သာသနာပိုင်ဆရာတော်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်

မန္တလေးဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလာစ်မာထန်း
ဦးသျှောင်ဆရာတော်
ဝတ်ပြုကိုးကွယ်ခြင်း ကော်မရှင်
မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်






Archdiocese of Yangon

Archbishop's House
289 Theinbyu Road
Botahtaung P.O.11161
Yangon, MYANMAR
Tel: 95-1-392517 / 392667 / 245467, Fax: 95-1-379059
၂၈၉၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်စာတိုက် ၁၁၁၆၁၊ ရန်ကုန်မြို့။
Email: mcharlesbo@gmail.com; secygn@gmail.com

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဗဟိုဌာနချုပ်

စာအမှတ် - / ။ ၇၆၅၂

ကက်သလစ်သာသနာတော်ကြီးကို အစဉ်အဆက် အုပ်ချုပ်တော်မူခဲ့ကြကုန်သော သာသနာပိုင်ချုပ် ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်တို့သည် ထာဝရအရှင်ဘုရားသခင်၏ကြီးမြတ်တော်မူသော မဟာနာမတော်၏ ဘုန်းတော်ဂုဏ်တော်ကို ထိုက်တန်စွာ သီကျူးပူဇော်လျက် ဝတ်ပြုကိုးကွယ်နိုင်ရန်အလို့ငှာ မစ္ဆားပူဇော်ခြင်း ဝိနည်းတော်ကို မြင့်သည်ထက်မြင့်အောင် ကျိုးပမ်းတော်မူခဲ့ကြပေသည်။

တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်နေသော ကက်သလစ်သာသနာတော်ကြီးနှင့်အတူ တစိတ်တဝမ်းတည်းထားလျက် တတိယအကြိမ် စံနမူနာအဖြစ် ပုံနှိပ်ထုတ်ဝေလိုက်သော (The Third Typical Edition) ရိုမင် မစ္ဆားပူဇော်ခြင်း ဝိနည်းတော်အတိုင်း မြန်မာပြည်ရှိ ကက်သလစ်သာသနာတော်ကြီးသည် မြန်မာဘာသာဖြင့် မစ္ဆားပူဇော်ခြင်း ဝိနည်းတော်ကို အခက်အခဲများကြားမှပင် ဘာသာပြန်ဆို ပုံနှိပ်ထုတ်ဝေနိုင်ခြင်းသည် သာသနာတော်ကြီး၏ တိုးတက်ထွန်းကားမှု အမှတ်လက္ခဏာ တစ်ရပ်ပင်ဖြစ်ပေသည်။

မစ္ဆားပူဇော်ခြင်းဝိနည်းတော်ကို မြန်မာဘာသာသို့ပြန်ဆိုခွင့် ရရှိသည့်အချိန်မှစတင်ကြိုးပမ်းခဲ့ကြကုန်သော ဘိုးဘေးသာသနာပိုင် ဆရာတော်ကြီးများနှင့် ရဟန်းတော်များမှအစ မျက်မှောက်ခေတ် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဝတ်ပြုကိုးကွယ်ခြင်းကော်မရှင် အမှုတော်ဆောင်များတိုင်အောင် အဆက်မပြတ်ကြိုးပမ်းခဲ့ကြခြင်းကြောင့် ဤကဲ့သို့ မြန်မာဘာသာဖြင့် မစ္ဆားပူဇော်ခြင်း ဝိနည်းတော်တစ်အုပ်လုံးကို ပုံနှိပ်ထုတ်ဝေလျက် အသုံးပြုခွင့်ရရှိလာခြင်းဖြစ်သည်။

ကျွန်ုပ်အနေဖြင့် လွန်စွာဝမ်းမြောက်လျက် မှတ်တမ်းတင်ဂုဏ်ယူမိပါသည်။
အလွန်သန့်ရှင်းစင်ကြယ်တော်မူသော ယေဇူးရှေ့နှလုံးတော်ပွဲနေ့၊
ခရစ်သက္ကရာဇ် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်၊ သောကြာနေ့။

ရက်စွဲ ၇.၆.၂၀၁၈
စာအမှတ် ၇၆၅၂

ရဟန်းအမတ် ဆရာတော် ကာဒီနယ်ချားလ်စ်ဘို
ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာပိုင်
ရန်ကုန်မြို့။

www.yangonarchdiocese.org

## အယ်ဒီတာ့ အာဘော်

### သေခြင်း၊ တရားစီရင်ခြင်း၊ ကောင်းကင် နှင့် ငရဲ

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ယေဇူးဘုရင် ပွဲတော်ကြီးနှင့်အတူ ဝတ်ပြုကိုးကွယ်ခြင်းနှစ်၏ နောက်ဆုံး တနင်္ဂနွေနေ့ကို ကျင်းပကြမည်။ လာမည့် ဒီဇင်ဘာ ၂ ရက်နေ့တွင် အာဒ်ဝင်တူးကာလ၏ ပထမ တနင်္ဂနွေနှင့်အတူ ဝတ်ပြုကိုးကွယ်ခြင်းနှစ် အသစ်ကို ဝင်ရောက်ကြမည် ဖြစ်သည်။

ဝတ်ပြုကိုးကွယ်ခြင်းနှစ် နောက်ဆုံးပိုင်းတွင် မဏ္ဍားတရားတော်မြတ်၌ ဘုရား၏ နှုတ်ကပါဌ်တော်တွင် နောက်ဆုံးသော အချိန်ကာလတွင် တွေ့ကြုံရမည့် အကြောင်းများကို ဖတ်ရှု ကြားနာကြရသည်။ ထိုကျမ်းပိုဒ်တို့သည် လူအများကို အမှန်တကယ်ပင် တုန်လှုပ် စေခဲ့သကဲ့သို့ယခုလည်းအမျိုးမျိုးသောထင်ကြေးများဖြင့်လွဲမှားစွာအနက်ဖွင့်နေကြသည်။

နောက်ဆုံးနေ့ရက်များ အကြောင်း သခင်ခရစ်တော် မိန့်ကြားခဲ့သည်ကို ရှင်မာကု အခန်းကြီး ၁၃၊ ရှင်မာတေဦး အခန်းကြီး ၂၄ နှင့် ရှင်လုကာ အခန်းကြီး ၂၁ တို့တွင် တွေ့ရသည်။ ခရစ်တော် မိန့်ဆိုခဲ့သည့် နောက်ဆုံးအချိန်တွင် ဖြစ်မည့် အကြောင်းအရာများကို ချုပ်လိုက်လျှင် ပျက်စီးခြင်း သုံးမျိုးကို တွေ့ရသည်။ ပထမမှာ တိုင်းနိုင်ငံများအကြား စစ်မက်များ ဖြစ်ပွါးခြင်း၊ ဒုတိယမှာ မိသားစုအတွင်း စိတ်ဝမ်းကွဲပြားမှုများ၊ တတိယမှာ ကမ္ဘာမြေကြီးပျက်စီးခြင်းဖြစ်သည်။ လူ့သမိုင်းကိုပြန်လည်ဆန်းစစ်ပါက လူမျိုးများ အကြား နှင့် တိုင်းနိုင်ငံများအကြား စစ်ပွဲများသည် သမိုင်းတင်ကာလကပင်ရှိနေသည်။ ထို့ကြောင့် ထူးဆန်းသော အရာမဟုတ်ပေ။ မိသားစုများတွင် ညီအစ်ကိုမောင်နှမများအကြား စိတ်ဝမ်းကွဲခြင်း၊ မိဘနှင့် သားသမီးအကြား ပြဿနာတို့သည်လည်း လူသားများ ဖြစ်ပေါ်လာသည့် အချိန်ကပင် ရှိနေသည်ဟု မှတ်ယူစရာ ဖြစ်သည်။ သဘာဝဘေး အန္တရာယ်ဖြစ်သော ငလျင်လှုပ်ခြင်း ရေကြီးခြင်းတို့သည်လည်း ကမ္ဘာဦးကပင်ရှိနေသည့် အရာများ ဖြစ်သည်။ ဤသုံးမျိုးသော ပျက်စီးခြင်းတို့သည် လူသားများအတွက် အသစ်အဆန်း မဟုတ်သော်လည်း သမိုင်းတလျှောက် လူသားတို့အား ခြိမ်းခြောက်နေသော အရာများဖြစ်သည်။

နောက်ဆုံးသောအချိန်သည် မည့်သည့်အချိန်တွင် မည်ကဲ့သို့ ရောက်လာမည် ဆိုသည့်အရာထက် နောက်ဆုံးသော အချိန်ကို မည်ကဲ့သို့ ရင်ဆိုင်ကြမည်နည်း ဆိုသည့် မေးခွန်းက ပို၍စိတ်ဝင်စားဖို့ကောင်းပါသည်။ အသေချာဆုံးသောအရာမှာ နောက်ဆုံး အချိန်သည် အမှန်တကယ် ရောက်လာမည်။ ထိုနောက်ဆုံးသော အချိန်တွင် လူသားတိုင်း စီရင်ခြင်းခံရမည်။ မိမိလုပ်ခဲ့သည့် အကောင်း၊ အဆိုး များအတွက် စာရင်းရှင်းပေးကြရမည်။ လောကတွင် နေထိုင်သော အသက်တာ၏ အဆုံးတွင် ရှိနေသော အမှန်တရားမှာ သေခြင်း၊ တရားစီရင်ခြင်း၊ ကောင်းကင် နှင့် ငရဲ ဖြစ်ကြောင်း ကျွန်ုပ်တို့ အသိပင်ဖြစ်သည်။

ဝတ်ပြုကိုးကွယ်ခြင်းကာလ၏ အဆုံးပိုင်းရောက်တိုင်း ကြားနာရသော ကျမ်းပိုဒ်တို့သည် ကျွန်ုပ်တို့အား နောက်ဆုံးအချိန်ကာလအတွက် ပြင်ဆင်ခွင့်ပေးသည်။ တခါတရံ ကျွန်ုပ်တို့သည် တနေ့သေကြရမည်ကို မေ့လျော့နေတတ်ကြသည်။ အရာရာသည် အဆုံးသတ်သွားရမည်ဆိုသည်ကို မတွေးလိုကြပေ။ ဤအချိန်ကာလတွင် ကြားနာရသော ဘုရားသခင်၏ နှုတ်ကပါဌ်တော်က ကျွန်ုပ်တို့ မသိယောင်ဆောင်နေခြင်းကို လက်တို့ သတိပေးခြင်းသာဖြစ်သည်။

လူတို့သည် တာဝန်ယူရန်မလိုအပ်ပါက အရာရာကို အဆင်ခြင်မဲ့စွာ လုပ်တတ်ကြသည်။ သို့သော် မိမိ၏ အပြုမှုအတွက် တာဝန်ယူရမည်ဆိုပါက အပြုအမူ အပြောဆိုတိုင်းကို ဆင်ဆင်ခြင်ခြင် လုပ်ကိုင်တတ်ကြသည်။ ကျွန်ုပ်တို့၏ အသက်တာသည် ဘုရားသခင်ထံတော်မှရရှိထားသော လုပ်ဆောင်တစ်ခုဖြစ်သည်။ သို့သော် ထိုလက်ဆောင်ကို မိမိစိတ်ကြိုက် အသုံးချရန်မဟုတ်ဘဲ တာဝန်ယူခြင်း တာဝန်ခံခြင်းတို့ဖြင့် အသုံးပြုရန် ဖြစ်သည်။ လူတို့အား လွတ်လပ်ခြင်းကို အပြည့်အဝပေးထားသော်လည်း ထိုလွတ်လပ်ခြင်းနှင့် အတူ တာဝန် ဝတ္တရားကိုလည်း ပူးတွဲပေးထားသည်။

နောက်ဆုံးစီရင်ခြင်းတွင် လူတိုင်းသည် မိမိတို့ ရှင်သန်ပြုမူနေထိုင်ခဲ့သည်အတိုင်း တာဝန်ခံကြရမည်ကို သခင်ခရစ်တော်သည် ပုံဥပမာများစွာဖြင့် မိန့်မြွက်ခဲ့သည်ကို ကျွန်ုပ်တို့အသိပင်ဖြစ်သည်။ နောက်ဆုံးအချိန်တွင် မေးမည့် မေးခွန်းမှာ သင်၏ ညီအစ်ကိုအား သင် မည်မျှ ချစ်ခင်ကြောင်းပြသခဲ့သနည်းဆိုသည့် မေးခွန်းကို မေးမည် ဖြစ်သည်။ အသိမ်ငယ်ဆုံးသော သူတို့အား မေတ္တာထား စောင့်ရှောက်ခြင်းရှိ မရှိသည် နောက်ဆုံးမေးခွန်းကို ကောင်းမွန်စွာဖြေဆိုနိုင်ရန် ယခုကပင် ကြိုတင်လေ့ကျင့်ခွင့်ရှိကြသည်။ ချစ်ခြင်းမေတ္တာကို ကျင့်ကြံခြင်းသည် အလုံးစုံသော ဥပဒေများကို လိုက်ကျင့်ခြင်းပင်ဖြစ်သည် ဟု ရှင်ပေါလုက မိန့်ဆိုခဲ့သည်။

နောက်ဆုံးသော အချိန်တွင် ရင်ဆိုင်ရမည့် စီရင်ခြင်းသည် ထိတ်လန့်ရမည့် အချိန်မဟုတ်ဘဲ ကျွန်ုပ်တို့၏ အောင်ပွဲ ဖြစ်စေရန် လက်ရှိအချိန်ကို မေတ္တာပြည့်ဝစွာဖြင့် နေထိုင်ကြပါစို့။

## ၂၀၁၈ ခု နိုဝင်ဘာလ အတွက် ပုပ်ရဟန်းမင်းကြီး၏ ဆုတောင်းမေတ္တာ ရည်ရွယ်ချက်

### ချစ်ခြင်းမေတ္တာနှင့် ဆွေးနွေးညှိနှိုင်းခြင်း၏ ဘာသာစကားသည် ပဋိပက္ခ၏ ဘာသာစကားကို အစဉ်အမြဲ အောင်မြင် ကျော်လွှားနိုင်ပါမည့်အကြောင်း

**That the language of love and dialogue may always prevail over the language of conflict.**



## သေလွန်ပြီးသောသူများတွက် ဆုတောင်းခြင်း

ကက်သလစ်အသင်းတော်သည် တလုံးတဝတည်းရှိသော မိသားစုဖြစ်ကြောင်းကို ရှေ့ရှုလျက် သေလွန်ပြီးသူများအတွက် ဆုတောင်းပေးခြင်းဖြစ်သည်၊ ဆုတောင်းမေတ္တာပို့သပေးခြင်းသည် သေလွန်သူတို့အပေါ် ထားရှိသော ကျွန်ုပ်တို့၏ ချစ်ခြင်းကို အခိုင်အမာပြသခြင်းပင်ဖြစ်သည်၊ ဓမ္မဟောင်းကာလမှအစပြုကာ ခရစ်တော်ဘုရားရှင်နှင့် တမန်တော်ကြီးများလည်း သေလွန်သူများအတွက် ဆုတောင်းခဲ့ကြသည်ကို သမ္မာကျမ်းစာတွင် အထင်အရှားတွေ့ရသည်၊

နိုဝင်ဘာလတွင် သေလွန်သူတို့အဖို့ အထူးသတိရ ဆုတောင်းပေးကြပါစို့၊



| | |
|---|---|
| **ထုတ်ဝေခွင့်အမှတ်**<br>၀၁၇၂၅ | **ဖြန့်ချီရေးတာဝန်ခံများ**<br>သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ လူထုဆက်သွယ်ရေးတာဝန်ခံများ |
| **နာယက**<br>ဆရာတော် ပီတာလှိုင် ကျာခူ | **ပုံနှိပ်တိုက်**<br>စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)<br>အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| **အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**<br>ဖာသာရ် မာရီယာနို စိုးနိုင် | **ငွေလွှဲရန်**<br>ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။<br>နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅ |
| **အယ်ဒီတာအဖွဲ့ဝင်များ**<br>ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊<br>ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ | **ဆက်သွယ်ရန်**<br>CBCM Herald သတင်းစာရုံးခန်း<br>မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း<br>၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်<br>ဖုန်း ၀၁ ၅၂၅၀၀၈ (ရုံးဖွင့်ချိန်များသာ)<br>cbcmosc@gmail.com |
| **ဒီဇိုင်းဖွဲ့စည်းပုံ**<br>ဖါသာရ် စိုးနိုင် ၊ ရှိစ့်မေရီ | |
| **အတိုင်ပင်ခံများ**<br>CBCM အထွေထွေအတွင်းရေးမှူး၊<br>ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊<br>ကက်သလစ်ရှေ့နေများအဖွဲ့။ | |

# ဘုရားရှင်၏ နေ့ရက်များကိုစောင့်ခြင်း၊ မိဘများကို ရိုသေခြင်းနှင့် လူ့အသက်ကို တန်ဖိုးထားခြင်း

(သီကိုရှင်း)

## စစ်မှန်သောလွတ်လပ်ခြင်း

တတိယပညတ်တော်ကအနားယူခြင်းအကြောင်းကို ပြန်လည်ထောက်ရှုကြဖို့ ဖိတ်ခေါ်နေပါတယ်။ ထွက်မြောက်ရာကျမ်းမှာ တတိယပညတ်တော်ကိုဖန်ဆင်းခြင်းနဲ့ ပတ်သက်ပြီးပြောပြထားပေမဲ့ တရားဟောရာကျမ်းမှာတော့ အနားယူခြင်းဆိုတာကို ကျွန်ဘဝပြီးဆုံးခြင်းနဲ့ ချိန်ထိုးပြောပြထားတာကိုသတိထားမိပါတယ်။ ဥပုသ်နေ့ ဒါမှမဟုတ် ဘုရားသခင်ရဲ့ နေ့ရက်မှာကျွန်ဘဝကနေလွတ်မြောက်ခြင်းကိုအောက်မေ့ကျင်းပတာမို့ ကျွန်တစ်ယောက်ကလည်းသူဌေးလူတန်းစားတစ်ယောက်လိုအနားယူခွင့်ရှိတယ်။

အမှန်တော့ ကျွန်ဆိုတဲ့ အဓိပ္ပါယ်မှာအနားယူခြင်းဆိုတာမရှိပါဘူး။ ဒါပေမဲ့လို့လည်း တစ်ခုသိထားရမှာက ကျွန် ပုံစံအမျိုးမျိုးရှိကြတယ်ဆိုတာပါပဲ။ အပြင်ပိုင်းမှာ ချုပ်နှောင်ခြင်းခံရတဲ့ ကျွန်ရှိသလို၊ မိမိအတွင်းမှာလည်းအကျဉ်းကျနေတဲ့ ကျွန်လည်းရှိပါတယ်။ အပြင်မှာအကြမ်းဖက်ခံရတယ်၊ နှိပ်စက်ခံရတယ်၊ ခေါင်းပုံဖြတ်ခံရတယ်။ ဒါတွေဟာ အပြင်ပန်း ကျွန်ပြုစနစ်တွေဖြစ်တယ်။ လူတစ်ယောက်က စိတ်ပိုင်းဆိုင်ရာ ကျဉ်းထဲကျပ်ထဲရောက်ပြီး ကိုယ့်စိတ်နဲ့ကိုအကျဉ်းကျနေတာမျိုးလည်းရှိတတ်တယ်။ တချို့လူတွေကျတော့ အပြင်မှာသူ့ကိုဘယ်လောက် ချုပ်နှောင်ထားပါစေ၊ သူ့ရဲ့အတွင်းစိတ်မှာတော့ လွတ်လပ် ပေါ့ပါးနေတတ်ကြတယ်။ ဥပမာရဟန္တာ မက်ဆီမီလန်ကိုးဘေရှိတယ်။ သူဟာ အမှောင်ကျနေတဲ့ ထောင်နံရံတွေမှာအလင်းတွေ ထွန်းညှိပေးနိုင်ခဲ့တယ်။ သူကိုယ်တိုင်ကလွတ်လပ်ပေါ့ပါးဘုရားရှင်ရဲ့ ကရုဏာတော်နဲ့ ထိတွေ့နေသူမို့ လူတွေကိုမျှော်လင့်ခြင်းကရုဏာတွေ ပေးစွမ်းနိုင်ခဲ့တယ်။

ဒီတော့ စစ်မှန်တဲ့ လွတ်လပ်ခြင်းဆိုတာကိုဘယ်လိုပြောကြမလဲ။ လွတ်လပ်စွာနဲ့ ရွေးချယ်လုပ်ပိုင်ခွင့်ရှိတာကိုစစ်မှန်တဲ့ လွတ်လပ်ခြင်းလို့ ပြောမလား။ ကိုယ်လုပ်ချင်တိုင်းလုပ်ခွင့်ရှိတာဟာ ပြည့်ဝတဲ့ လွတ်လပ်ခြင်းမဟုတ်သေးဘူး။ ထောင်နံရံတွေကမိမိကို ချုပ်နှောင်တာထက် ပိုတဲ့ ချုပ်နှောင်ခြင်းတွေ ရှိသေးတယ်။ အဲ့ဒါဟာကိုယ့်ရဲ့ အတ္တထောင်မှာအကျဉ်းကျခြင်းပဲ။ ကိုယ့်အတ္တကကိုယ့်ကိုအကျဉ်းကျစေတာဟာ အဆိုးဝါးဆုံး ချုပ်နှောင်မှုတစ်ခုလို့ပဲဆိုရမှာပါ။ အတ္တရဲ့ ချုပ်နှောင်မှုကနေအပြစ်ရဲ့ ဖိနှိပ်ခံဘဝကို ရောက်ကြရတယ်။ အတ္တဆိုတာအပြစ်ပါပဲ။ လောဘကြီးတယ်၊ တဏှာရာဂတပ်မက်လွန်းတယ်၊ စိတ်တိုဒေါသထွက်လွယ်တယ်၊ မနာလိုအမုန်းပွားတယ်၊ ရှန်းရင့်ခက်ထန်တယ်၊ ဒါတွေဟာအပြစ်ကျေးကျွန်တွေရဲ့ လက္ခဏာတွေပဲဖြစ်တယ်။ လောဘကြီးခြင်းအတွက် ဖြေဆေးမရှိဘူး။ ဘာလို့လဲဆိုတော့ အစားအသောက်မက်တဲ့သူကသူ့ဗိုက်ရဲ့ ဖျားယောင်းခြင်းကိုခံရတယ်။ ဗိုက်ကပြည့်နေပေမဲ့လည်းလောဘကဆာလောင်နေတယ်။ စည်းစိမ်ဥစ္စာတပ်မက်သူကလည်းဒီတပ်မက်စိတ်ကြောင့် ပျက်ဆီးခြင်းကိုရောက်သွားရတယ်။ အသောမသတ်နိုင်တဲ့ လောဘနဲ့ ပစ္စည်းဥစ္စာနောက်လိုက်ရင်း အမုန်းပွားကောက်ကျစ်တဲ့နည်းတွေကြောင့် မိတ်ဆွေတွေလည်းဆုံးရှုံးရတတ်တယ်။ ကိုယ့်အတ္တကကိုယ့်ကိုမလွတ်မြောက်အောင် အကျဉ်းချပစ်လိုက်ပါတယ်။ ဒီလိုမျိုးလူသာလျှင် တကယ့် ကျွန်စစ်စစ်ပဲ ဖြစ်ပါတယ်။ လူကနားနေပေမဲ့လည်းသူ့အတ္တကဘယ်တော့မှ အနားမယူဘူး။ ဒီတော့ သူများကိုလည်းမချစ်တတ်ဘူး။ အတ္တကြောင့် သူများနဲ့ ဝေးကွာရတယ်၊ သူများကို အမုန်းထားမိစေတယ်။ ဒါကြောင့် လွတ်လပ်စွာ အနားယူခြင်းဆိုတာအပြစ်နှင့် အတ္တရဲ့ ကျေးကျွန်ဘဝကနေလည်း ချုပ်နှောင်မှု ကင်းပြီးသူတစ်ပါးကိုချစ်နိုင်ခြင်းပါပဲ။ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာကစစ်မှန်တဲ့ လွတ်လပ်ခြင်းပါပဲလေ။

(စက်တင်ဘာလ ၁၂ ရက်၊ ၂၀၁၈)



## မိဘတို့အား ရိုသေခြင်းကို ပြုလော့

မိဘတို့အား ရိုသေခြင်းကို ပြုကြဖို့ စတုတ္ထပညတ်တော်ကသွန်သင်ထားပါတယ်။ ရိုသေတယ်ဆိုတဲ့စကားက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့အရေးပါ ကြီးမြတ်မှုကိုအသိမှတ်ပြုပေးခြင်းလို့ နားလည်လို့ရပါတယ်။ ဘုရားကို ရိုသေတယ်ဆိုတာဘုရားရှင်ရဲ့ ကြီးမြတ်ခြင်း၊ တည်ရှိခြင်း၊ အရေးပါအရာရောက်ခြင်းတွေကို အသိမှတ်ပြုပြီးထိုက်သင့်တဲ့ ဝိနည်းတွေနဲ့ လေးမြတ်စွာ ရိုသေပူဇော်ခြင်းပဲဖြစ်ပါတယ်။ မိဘတို့ကို ရိုသေတယ်ဆိုတဲ့နေရာမှာလည်းသူတို့ရဲ့ အရေးပါတဲ့ မေတ္တာတရားတွေ၊ စောင့်ရှောက်ခြင်းတွေနဲ့ အသက်ကိုဆောင်ကျဉ်းပေးခဲ့တဲ့အတွက် ကြည်ညိုရိုသေကြရခြင်းပါပဲ။

တရားဟောရာကျမ်းမှာတွေ့ရတဲ့ ပညတ်ဆယ်ပါးထဲကဒီပညတ်တော်ကသူ့ရဲ့ နောက်ဆက်တွဲအကျိုးရလဒ်ကိုပါ ပြောပြထားပါတယ်။ မိဘတို့အား ရိုသေခြင်းကိုပြုပါ။ ဒါဆိုရင်သင်တို့လည်းအသက်ရှည်ကျန်းမာစွာနေရလိမ့်မယ်လို့ ဆိုထားပါတယ်။ မိဘကို ရိုသေတဲ့သူဟာအသက်ရှည်အနာမဲ့ပြီး ကျန်းမာပျော်ရွှင်တဲ့ဘဝကို ပိုင်ဆိုင်ရပါတယ်။ ဖေက်ဆုဩဝါဒ စာစောင်မှာ ရှင်ပေါလုက "သင်၏မိဘတို့အား ရိုသေခြင်းကို ပြုလော့။ ဤသည်ကား ကတိတော်နှင့်ယှဉ်သော ပထမပညတ်ဖြစ်၍ သင်သည် ကမ္ဘာမြေကြီးပေါ်တွင် ကောင်းစားလျှက် အသက်ရှည်လိမ့်မည်။" (၆း၁-၃) ဒီပညတ်တော်ကတော့ ခံစားရမယ့် အကျိုးရလဒ် ကတိကိုပါတစ်ခါထဲ တွဲပြီးတော့ပေးထားပါတယ်။

ကျနော်တို့ဘဝတစ်လျှောက်လုံးမှာ ငယ်ဘဝက အဖြစ်အပျက်တွေက တော်တော်များများလွှမ်းမိုးမှု ရှိပါတယ်။ ပျော်ရွှင်နွေးထွေးတဲ့ မိသားစုက ကြီးပြင်းလာတဲ့သူဆိုရင် လူ့အသိုင်းအဝိုင်းမှာလည်း ပေါင်းရသင်းရအဆင်ပြေတယ်။ ခါးသည်းစွာကြီးပြင်းခဲ့ရသူတွေမှာလည်းအနည်းနဲ့အများနာကြည်းချက်တွေရှိတတ်ပါတယ်။ မိဘက တာဝန် မကျေဘူး ကိုယ့်သားသမီးကို ကောင်းကောင်း မထောက်ပံ့ဘူးဆိုရင် ကလေးတွေမှာခံစားရတယ်။ စိတ်ဒဏ်ရာတွေရှိတယ်။ ဒါပေမဲ့လို့လည်း ဒီပညတ်တော်ကမိဘတွေရဲ့ ကောင်းမြတ်ခြင်းကိုပြောနေတာမဟုတ်ဘူး။ မိဘတွေကသားသမီးတွေအတွက် ဘယ်လိုဖြစ်ရမယ်ဆိုတာသွန်သင်နေတာမဟုတ်ဘူး။ သားသမီးတွေဖက်က ပြုမူရမယ့် အကြောင်းအရာကိုသာပြောခြင်းဖြစ်ပါတယ်။ မိဘ ကိုယ်အပေါ် ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ၊ တာဝန် ကျေသည်ဖြစ်စေ၊ မကျေသည်ဖြစ်စေ၊ ရိုသေရမယ့်ပညတ်ကို ချမှတ်ပေးတယ်။ သူတို့ လုပ်ပေးတဲ့အရာတွေကို ကြည့်ပြီး ဆုံးဖြတ်ရမှာမဟုတ်ဘူး။ သူတို့ပေးခဲ့တဲ့ လက်ဆောင်ကိုပဲကြည့်ပြီး ပြန်ပေးဆပ်ဖို့ ဘုရားက ပညတ်တော်ကိုပေးခဲ့ခြင်းပါ။ သားသမီးတွေအတွက် ပျော်ရွှင်အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်ရဖို့ဆိုတာသူတို့ကို ဒီလောကထဲရောက်အောင် မွေးဖွားပေးခဲ့တဲ့ မိဘတွေကိုအသိမှတ်ပြုလက်ခံတတ်ခြင်းပေါ် မူတည်တယ်။ တချို့တွေကမိဘတွေကိုစိတ်နာကြတယ်။ ငယ်ဘဝက ခါးသည်းလွန်းပြီး မေတ္တာငတ်ခဲ့ပေမဲ့လည်း ကြီးလာတဲ့အခါ အပြုသဘောနဲ့ အများကို အကျိုးပြုနိုင်သူတွေလည်းရှိပါတယ်။ ဒီလိုလုပ်နိုင်တာဘာလို့လဲဆိုတော့ ငယ်ဘဝက ဒဏ်ရာအနာတရတွေကို ကြီးလာတဲ့အခါ ကုစားနိုင်စွမ်းရှိလို့ပါပဲ။ ဥပမာ၊ အောက်တိုဘာလ ၁၄ ရက်နေ့ကရဟန္တာဖြစ်သွားတဲ့ Sulprizio ဆိုရင် ကြမ်းတမ်းတဲ့ ငယ်ဘဝကိုရင်ဆိုင်ခဲ့ရတယ်။ နာကြည်းတတ်မယ်ဆိုရင် ကမ္ဘာမကြေလောက်တဲ့ ဒဏ်ရာတွေ ရှိခဲ့ပေမဲ့ သူဟာအသက် ၁၉ နှစ်အရွယ်မှာကုစားနိုင်ခဲ့တယ်။ မိဘကို အသိမှတ်ပြုလက်ခံခဲ့သူတစ်ယောက်ဖြစ်ပါတယ်။

ဘယ်လို နောက်ခံဘဝပုံစံအမျိုးမျိုးကနေ လာတဲ့သူပဲဖြစ်ဖြစ် ဒီပညတ်တော်ကို လက်ခံကျင့်သုံးတဲ့သူဟာ ခရစ်တော်ဆီကိုလည်း ဦးတည်သွားနေပါတယ်။ ခရစ်တော်ဘုရားရှင် ကိုယ်တိုင်ကလည်း အဖခမည်းတော်ကိုဖော်ပြခဲ့တယ်။ ခမည်းတော်ကိုအဖန်တလဲလဲ ညွှန်ပြတာကို တွေ့ရတယ်။ ဘုရားသခင်က သူ့ရဲ့သားသမီးတွေအတွက် အသက်တာကို ဆောင်ကျဉ်းပေးတယ်ဆိုတာကို ရှာဖွေသတိပြုမိမယ်ဆိုရင် လုပ်သမျှ အရာတိုင်းဟာဘုရားသခင်ဆီကလာတယ်ဆိုတာကို ယုံကြည်လက်ခံနိုင်ပါတယ်။ ဒီအခါမှာ ငယ်ဘဝက နာကြည်းစရာတွေကိုလည်း ကျေးဇူးတော်ကြောင့် ခွန်အားတွေအဖြစ် ပြောင်းလဲနိုင်လာတယ်။ ဒဏ်ရာကခွန်အားပြန်ပေးတယ်။ အဖျက်သဘောတွေက အပြုသဘောဆောင်လာတယ်။ ဒဏ်ရာရှိနေပေမဲ့ ဒဏ်ရာအနာတရဖြစ်နေတဲ့သူကို ကုစားနိုင်သူဖြစ်လာတယ်။ ဒါကြောင့် အသက်ကိုပေးခဲ့တဲ့ မိဘတွေကို ရိုသေကာအသိမှတ်ပြုကြပါ။ ကွဲကွာနေတယ်ဆိုရင် ပြန်ချဉ်းကပ်ပါ။ မိဘတွေဟာသင်တို့အတွက် အသက်ကိုပေးခဲ့သူတွေပါ။ မိဘကိုဘယ်တော့မှ မကျိန်ဆဲပါနဲ့။ သူများမိဘကိုလည်းမဆဲကြပါနဲ့။ မိဘတိုင်းကအသက်ကိုပေးခဲ့သူတွေမို့ အားလုံးကို ရိုသေလေးစားကြရပါမယ်။ ဒါဟာဘုရားရှင်ပေးခဲ့တဲ့ စတုတ္ထပညတ်ချက်ပါပဲ။

(စက်တင်ဘာလ ၁၉ရက်၊ ၂၀၁၈)

စာမျက်နှာ (၄) သို့

စာမျက်နှာ (၃) မှ အဆက်

## အသက်သည် ဘုရားပေးသောလက်ဆောင်

လူ့အသက်ကိုမသတ်ရလို့ ပဥ္စမ ပညတ်တော်က သွန်သင်ထားပါတယ်။ လူ့အသက်ကိုဘုရားပေးတဲ့ လက်ဆောင်အဖြစ် လက်ခံကြိုဆိုခြင်းဟာ ဘဝကို ပြဿနာလို့မြင်တတ်တဲ့ ရှုထောင့်အမြင်ကိုတည့်မတ်ပေးပါတယ်။ အသက်ကို ဘုရားပေးသော လက်ဆောင်အဖြစ်လက်ခံပြီးဘဝကို ရှုထောင့်အမြင်အသစ်နဲ့ ရှင်သန် နေထိုင်ကြရမှာ ဖြစ်ပါတယ်။ အသက်ဆိုတာလူ့ဘဝအတွက် အခြေခံအကျဆုံးသောအရာပါ။ ဘုရားပေးတဲ့ အသက်လက်ဆောင်ကိုတန်ဖိုးထားပြီးအခြားသောလူ့ဂုဏ်သိက္ခာတန်ဖိုးတရားတွေကိုလည်းကာကွယ် စောင့်ရှောက်ပေးရပါမယ်။ လူ့တန်ဖိုးအားလုံးရဲ့အခြေခံအုတ်မြစ်ဖြစ်တဲ့ အသက်ကို ကာကွယ်ပေးရမယ်။

အပြင်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာတွေ ကြောင့် မိခင်ဝမ်းဗိုက်ထဲက ကလေးကို ဖယ်ရှားပစ်လိုက်ခြင်းဟာပြဿနာဖြေရှင်းခြင်းနည်းလမ်းမဟုတ်သလိုလူသားလည်းမဆန်ပါဘူး။ကိုယ့်ပြဿနာကဘယ်လောက်ပဲကြီးကြီးငယ်ငယ်ကိုယ့်ပြဿနာ ပြေလည်ဖို့ဘယ်လိုနည်းနဲ့မှ လူ့အသက်ကို ဖျက်ဆီးပိုင်ခွင့်မရှိပါဘူး။ တကယ်တော့ အသက် ဆိုတာ ဘုရားပေးတဲ့ လက်ဆောင်ပါ။ ဒါဟာ ပြဿနာထုပ်ကြီး တစ်ခု၊ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု မဟုတ်ဘူးဆိုတာ သိရမယ်။

လူကကြောက်ရွံ့တဲ့အခါမှာ ပြဿနာတွေပိုပိုများလာတတ်တယ်။ အကြမ်းဖက်နည်းနဲ့ တုန့်ပြန်တာတွေ၊ ပြင်းထန်တဲ့ခါးသည်းငြင်းပယ်မှု တွေလည်း ဖြစ်ပေါ်စေတယ်။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် အသက်ကို ဘုရားပေးတဲ့ လက်ဆောင်အဖြစ် လက်ခံခြင်းဟာ ဘုရားရှင်ရဲ့ ကျေးဇူးကို တန်ဖိုးထားခြင်းပါပဲ။ မိမိရဲ့ အခက်အခဲပြဿနာတွေထဲကနေ ပြေလည်အောင် ဖြေရှင်းနိုင်တဲ့ အခြားနည်းလမ်းကိုရှာပြီးကိုယ့်အတ္တအတွက် ဘယ်သူ့အသက်ကိုမှ အလွဲသုံးစားမပြုဘဲတန်ဖိုးထားခြင်းဟာ မိမိအတ္တကိုမိမိကျော်လွှန်နိုင်ပြီဆိုတဲ့ သက်သေတစ်ခုပါပဲ။ လူဟာငွေကြေးချမ်းသာကြွယ်ဝမှုတွေအကြား၊ ရာထူးဂုဏ်အရှိန်အဝါနဲ့ အောင်မြင်ကျော်ကြားလိုတဲ့ ဘဝဖြစ်ရပ်တွေကြားမှာ အတ္တစိတ်တွေများလာရင်လူ့အသက်ကိုဂရုမစိုက် ငြင်းပယ်လျစ်လျူရှုကာ အလွယ်တကူဖျက်ဆီးနိုင်စေတဲ့ စေ့ဆော်မှုကိုခံရပါတယ်။ အသက်အားဖြင့်ဘုရားသခင်ကသူ့ရဲ့ ချစ်ခြင်းမေတ္တာကို လူသားတွေဆီမှာ ဖော်ပြပေးနေပါတယ်။

အသက်ကိုတန်ဖိုးထားခြင်းဆိုတာ မိဘ၊ ညီအစ်ကိုမောင်နှမတွေ နေမကောင်းဖျားနာတဲ့အခါ ကုသပြီးကယ်တင်ပေးသလို လူတိုင်းအသက်ကိုလည်း ကိုယ်ချင်းစာတရားနဲ့တန်ဖိုးထားတတ်ရမယ်။ လူတိုင်းရဲ့အသက်ဟာ ခရစ်တော်ဘုရားရှင်ရဲ့အသွေးနဲ့ကယ်ဆယ်ထားတဲ့ဘဝအသက်တာမို့ ပိုပြီး တန်ဖိုးထားရပါမယ်။ သင့်ရဲ့အသက်ဟာ သင်လုပ်ယူထားတဲ့အရာမဟုတ်ဘူး။ဘုရားသခင်ပေးထားတဲ့အရာတစ်ခုသာဖြစ်ပါတယ်။ ကိုယ့်ရဲ့ ရှင်သန်ခြင်းဟာဘုရားသခင်ကြောင့်သာလျှင် ဖြစ်ပါတယ်။ ဒါကြောင့်မို့ အသက်ကိုတန်ဖိုးထားရမယ်။ လူ့အသက်ကို ဘုရားသခင်က ဘယ်လောက်တောင်တန်ဖိုးထားလဲဆိုရင်သူ့ရဲ့တပါးတည်းသောသားတော်ရဲ့အသက်နဲ့ လဲပြီး ကာကွယ်ပေးခဲ့ပါတယ်။ အသက်ရဲ့ တန်ဖိုးကို သိကာ လက်ဆောင်အဖြစ် ရှင်သန်လက်ခံကြရအောင်ပါ။

(အောက်တိုဘာလ ၁၀ ရက်၊ ၂၀၁၈)

သီကိုရှင်း

## ပုပ်ရဟန်းမင်းကြီး ဖရန်စစ် တောင်ကိုးရီးယား သမ္မတအား ဗာတီကန်တွင် လက်ခံတွေ့ဆုံ



အောက်တိုဘာလ ၁၈၊ ၂၀၁၈

ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ် ဖရန်စစ် သည် အောက်တိုဘာလ ၁၈ ရက်တွင် ဗာတီကန် နန်းတော်၌ တောင်ကိုးရီးယား သမ္မတ မွန်းဂျေအင် အား လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် တောင်ကိုးရီးယားနိုင်ငံ၏ လူမှုရေး၊ ပညာရေး နှင့် ကျန်းမာရေး စသည့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုး တက်ရေးတွင် ကက်သလစ်အသင်းတော်၏ ပံပိုးပေးမှုများ၊ အထူးသဖြင့် တောင်နှင့် မြောက် ကိုးရီးယား နှစ်နိုင်ငံ ပြန်လည်သင့် မြတ်ရေးတွင် အားတက်သရော ပါဝင်ကူ ညီခြင်းတို့ကို အသိ အမှတ်ပြုခဲ့ကြသည်။

သမ္မတကြီးသည် ဗာတီကန်မြို့ပြနိုင်ငံ၏ အတွင်းရေးမှူး ကာဒီနယ် ပါရိုလင်း နှင့်လည်း သီးခြားတွေ့ဆုံခဲ့သည်။

ထိုတွေ့ဆုံမှုများတွင် လူအများစိတ်ဝင်စားခဲ့သော အကြောင်းအရာမှာ မြောက်ကိုးရီးယား ခေါင်းဆောင် ကင်ဂျုံအမ်း က ပုပ်ရဟန်းမင်းကြီးအား မြောက်ကိုးရီးယားသို့ အလည်အပတ် ကြွရောက်လာရန် သမ္မတ မွန်းဂျေအင် မှတဆင့် ဖိတ်ခေါ်ထားသည့် အကြောင်း အရာ ဖြစ်သည်။

မြောက်ကိုရီးယား မှ ပေးပို့သော သတင်းစကားမှာ "မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအမ်း မှ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ် မြောက်ကိုရီးယား နိုင်ငံပြုံရန်းသို့ကြွရောက်လည်ပတ်လာပါက သူအနေနှင့် လှိုက်လှဲပျူ ငှါစွာ ကြိုဆိုမည်" ဖြစ်ကြောင်း တောင်ကိုးရီးယား သမ္မတ ရုံးတော်မှ ထုတ်ဖော်ပြောကြားခဲ့သည်။

မြောက်ကိုးရီးယားသည် ဘာသာရေးဖိနှိပ်မှုများ အပါအဝင် လူ့အခွင့်အရေးချိုးဖေါက်ခြင်းများကို ဆိုးရွားစွာ ကျူးလွန်သည့် နိုင်ငံဖြစ်သဖြင့် လည်ပတ်ရန် မသင့်သောနိုင်ငံအဖြစ် မီဒီယာများက တုန့်ပြန်ကြသည်။ အချို့သောသတင်းစာများက ဤဖိတ်ခေါ်ခြင်းသည် ကမ္ဘာကို လှည့်စားရန် ကင်မ်၏ စတန့်တစ်ခုဟု မှတ်ချက်ပြုသည်။

သမ္မတ မွန်းဂျေအင် သည် ဘာသာတရား ကိုင်းရှိုင်းသော ကက်သလစ် ဘာသာဝင်တစ်ဦးဖြစ်ပြီး ဗာတီကန်တွင် ရောက်ရှိနေစဉ် ဘာသာရေး အခမ်းအနားများတွင် ပါဝင်ဆုတောင်းခဲ့သည်များကို သတင်းမီဒီယာများက ဖေါ်ပြခဲ့ကြသည်။ အထူး သဖြင့် ကိုးရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးအတွက် ဆုတောင်းပွဲကို ကာဒီနယ် ပါရိုလင်းမှ ဦးဆောင်ကျင်းပပေးခဲ့သည်။

Ref: Vatican Media

## ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ် မြောက်ကိုးရီးယားသို့ သွားရောက်ဆန္ဒရှိ



အောက်တိုဘာလ ၁၉၊ ၂၀၁၈

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်မှ မြောက်ကိုးရီးယား နိုင်ငံ၏ ဖိတ်ခေါ်ချက်ကို လက်ခံကြောင်း နှင့် "ဖိတ်ခေါ်လာလျှင် ကျွန်ုပ်ပြန်လည် တုန့်ပြန်မှာပါ၊ ကျွန်ုပ် သွားနိုင်မှာပါ" ဟု ဖြေကြားကြောင်း တောင်ကိုးရီးယား သမ္မရုံးတော်မှ ထုတ်ပြန်သည်။ ဤ ခရီးစဉ် ဖြစ်လာပါက ပုပ်ဖရန်စစ်သည် မြောက်ကိုးရီးယားသို့ သွားရောက်သည့် ပထမဦးဆုံး ရဟန်းမင်းကြီး ဖြစ်မည့်။

ပုပ်ရဟန်းမင်းကြီး မှ ဆန္ဒရှိသည့်အတိုင်း သွားရောက်လည်ပတ်နိုင် ခြေရှိသော်လည်း လက်တွေ့တွင် ပြင်ဆင်စရာများစွာလိုသေးကြောင်း ကာဒီနယ် ပါရိုလင်း က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသို့ ပုပ်ရဟန်းမင်းကြီး သွားရောက် လည်ပတ်ခြင်း အစီအစဉ်လုပ်မယ်ဆိုရင် ပြင်ဆင်မှုတွေ အများကြီး လုပ်ဖို့ လိုပါသေးတယ်၊ ထည့်သွင်းစဉ်းစားစရာတွေလည်း အများကြီး ရှိနေပါသေးတယ်။ ဒါပေမဲ့ အခြားတဖက်မှာလည်း ပုပ်ရဟန်းမင်းကြီး သွားရောက်လည်ပတ်ခြင်းကြောင့် ကိုရီးယား ကျွန်းဆွယ်မှာ နယူကလီးယား လက်နက်များ ဖယ်ရှားဖို့နဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အတွက် အများကြီး အထောက်အကူ ဖြစ် နိုင်ပါတယ်။

သို့သော် သွားရောက်လည်ပတ်အရေးအတွက် အချိန် အတိုင်အတာ တစ်ခုထိ စောင့်ဆိုင်း ရဦးမည်ဖြစ်သည်။

ယခု ပြုလုပ်သော ဖိတ်ခေါ်ခြင်းသည် နှုတ်အားဖြင့်သာ ဖိတ်ခေါ်ခြင်းသာပြီး ကနဦးအခြေနေသာ ဖြစ်သည်။

ရဟန်းမင်းကြီးမှ သွားရန် ဆန္ဒရှိကြောင်း ပြောဆိုထားသော်လည်း ဒီ ခရီးစဉ်ကို အတည်ပြုဖို့ ဆွေးနွေးတဲ့အချိန် ထည့်သွင်း စဉ်းစားရမည့် အချက်များစွာ ရှိနေသေးသည်။ ဒီလိုခရီးစဉ်မျိုးအတွက် ပြင်ဆင်မှုတွေ အများကြီး လုပ်ဖို လိုသေးကြောင်း ဗာတီကန်နိုင်ငံ ရဟန်းမင်းကြီး ရုံးတော် အတွင်းရေးမှူး ရဟန်းမင်းအမတ် ကာဒီနယ် Parolin မှ ဗာတီကန် သတင်းဌာနသို့ပြောကြားခဲ့ပါသည်။

ပုပ်ရဟန်းမင်းကြီး မသွားမီ အခြားရဟန်းများကို ပြည်ဝင်ခွင့်ပေးဖို့လိုသည် ဟု ဗာတီကန်သံတမန် အဖွဲ့မှ ထပ်လောင်း ပြောခဲ့သည်။

Ref: Vatican Media, Crux

# အမိအသင်းတော်၏ သတင်းကောင်း မျှဝေခြင်း လုပ်ငန်း၌ ပါဝင်ကြပါစို့

ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ် ဖရန်စစ် သည် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လူထုအား မွန်းတည့်ချိန် သတင်းစကားပေးခြင်းနှင့် အန်ဂျေးလူးမေတ္တာ ရွတ်ဆိုခြင်းတွင် လူကြီးလူငယ် အားလုံးကို သာသနာပြု လုပ်ငန်းတွင် ပါဝင်ကြရန် အောက်တိုဘာလ ၂၁ ရက်နေ့၌ ကျရောက်သော ကမ္ဘာ့သာသနာပြု တနင်္ဂနွေနေ့က ဖိတ်ခေါ်ခဲ့ပါသည်။

ယခုနှစ် ကမ္ဘာ့သာသနာပြုနေ့အတွက် ပုပ်ရဟန်းမင်းကြီး ပေးပို့သော သဝဏ်လွှာကို "လူငယ်များနှင့်အတူ ဧဝံဂေလိသတင်းကို လူအားလုံးထံ သယ်ဆောင်ကြပါစို့" ဖြစ်သည်။

"လူငယ်များအတွက် ပြုလုပ်နေတဲ့ ညီလာခံ ရက်များမှာ လူငယ်များရဲ့ ပံ့ပိုးပေးနိုင်စွမ်းကို ကျွန်ုပ်တို့ အမှန်တကယ် ခံစားနေကြရပါတယ်။ လူငယ်များကို ဒီညီလာခံမှာ ပါဝင်စေပြီး သူတို့ကို နားထောင်ကြည့်တဲ့အခါ ယေရှုးခရစ်တော်၌ အသက်တာရဲ့ အဓိပ္ပါယ်နဲ့ ပျော်ရွှင်မှုကို တွေ့ကြတဲ့ ဥပမာတွေ အများကြီး ကြားရပါတယ်။" ဟု ညီလာခံ အကြောင်းကိုလည်း ပြောပြခဲ့သည်။



ကမ္ဘာ့သာသနာပြု တနင်္ဂနွေနေ့အတွက် ထုတ်ပြန်သော သဝဏ်လွှာတွင် လူငယ်များအား သာသနာပြုများ ဖြစ်ကြရန် ဖိတ်ခေါ်သည်။

ကျွန်ုပ်တို့ဒီကမ္ဘာမှာ လူဖြစ်လာတာ ကျွန်ုပ်တို့ ရွေးချယ်ခဲ့လို့ မဟုတ်ပါဘူး၊ အယောက်တိုင်း အတွက် ဘုရားသခင်ရဲ့ စီမံကိန်းရှိတယ်၊ ဒီကမ္ဘာပေါ်ကို သတင်းကောင်းပေးဖို့ ကျွန်ုပ်တို့လူဖြစ်နေကြခြင်း ဖြစ်တယ်၊ ဘုရားရဲ့ချစ်ခြင်းမေတ္တာကို ဝေမျှဖို့ ဖြစ်တယ်၊ ဘုရားသခင်၌ အပြည့်အဝ ဆက်ကပ်မှုနဲ့ သူရဲ့ လုပ်ငန်းစဉ်အတွက် လျှောက်လှမ်းခြင်းဟာ ကျွန်ုပ်တို့ ဘဝရဲ့ သေချာတဲ့ လမ်းပြဖြစ်သလို ခိုင်မာတဲ့ အနာဂတ်လည်း ဖြစ်ပါတယ်။

ချစ်လှစွာသော လူငယ် မောင်မယ်တို့ သခင်ခရစ်တော်နှင့် အသင်းတော်ကို မကြောက်ကြပါနဲ့။ ကျွန်ုပ်တို့ ဘဝရဲ့ အဓိပ္ပါယ်နဲ့ ပျော်ရွှင်မှုတွေကို သခင် ခရစ်တော်၌ ရှာဖွေ တွေ့ရှိနိုင်ပါတယ်။

သာသနာ ပြု ခြင်းဆိုတာ ယုံကြည်ခြင်းကို လက်ဆင့်ကမ်း ပေးခြင်းဖြစ်တယ်၊ ဝေမျှခြင်း ဖြစ်တယ်၊ ဆေး ကျောင်းခြင်မင်္ဂလာခံယူ ထားသူတိုင်း သာသနာပြုတွေ ဖြစ်တယ်၊ ဘုရားပေး တာဝန်ဖြစ်တယ်၊ သာသနာပြုခြင်းဟာ ကြီးရင့်တဲ့ မျိုးဆက်ကနေ ငယ်ရွယ်တဲ့ မျိုးဆက်စီကို ယုံကြည်ခြင်း လက်ဆင့်ကမ်းပေးခြင်းပါပဲ။ အဲ့ဒီ မတူညီတဲ့ မျိုးဆက်နှစ်ခုကြားမှာ တံတာထိုးပြီး စည်းလုံးစေခြင်းလည်း ဖြစ်ပါတယ်။

ကက်သလစ် သာသနာတော်ရဲ့ သာသနာပြုခြင်းဟာ ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ စိတ်အားထက်သန်ခြင်း နဲ့ ဘဝရဲ့ အဓိပ္ပါယ်ကို ပြည့်စုံစွာ ဖော်ထုတ်ပေးတဲ့ ချစ်ခြင်မေတ္တာ ကူးစက်စေခြင်းဖြစ်ပါတယ်။ ယုံကြည်ခြင်းဖြန့်ဝေခြင်းဆိုတာ ချစ်ခြင်းမေတ္တာနဲ့ ဖွင့်ထားတဲ့ နှလုံးသားတွေ အတွက်ပါ၊ သင့်ဘဝကို အမှန်တကယ် ဆက်ကပ်ပူဇော် တတ်မယ်ဆိုရင် လောကမှာ ဘာမှ ပေးစရာ မရှိအောင်ဆင်းရဲတဲ့သူ မရှိပါဘူး"

CBCM OSC

# အသင်းတော်သည် နတ်ဆိုး၏ ထိုးနှက်တိုက်ခိုက်ခြင်းခံနေရသည် ဟု ရဟန်းမင်းကြီးမှတ်ချက်ပြု

တစ်လတာ ပြုလုပ်ကျင်းပခဲ့သော ဆရာတော်ကြီးများ ညီလာခံအပြီးတွင် ပုပ်ရဟန်းမင်းကြီးက မိန့်ဆိုခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းမှ ဆရာတော်များအားလည်း အသင်းတော်ကို ကာကွယ်ကြရန် တိုက်တွန်းခဲ့သည်။

"ကျွန်ုပ်တို့ရဲ့ မိခင်ဖြစ်တဲ့ အသင်းတော်ဟာ သန့်ရှင်း စင်ကြယ်ပါတယ်။ ကျွန်ုပ်တို့ သားသမီးများကတော့ အပြစ်ရှိကြတာ မှန်ပါတယ်။ ကျွန်ုပ်တို့အားလုံးဟာ အပြစ်သည်တွေပါ။ အသင်းတော်ရဲ့ ဖခင်ကြီးတွေ ပြောခဲ့တာကို မမေ့ပါနဲ့။ အမိအသင်းတော်ဟာ သန့်ရှင်းပါတယ်။ သားသမီးများကတော့ အပြစ်ရှိကြပါတယ်။"

"အခုအချိန်မှာ နတ်ဆိုးဟာ ကျွန်ုပ်တို့ကို ပြစ်တင်စွပ်စွဲနေပါတယ်။ အဲ့ဒီ စွပ်စွဲခြင်းဟာ ညှင်းပန်း နှိပ်စက်ခြင်းပဲ ဖြစ်ပါတယ်။"

"နှိပ်စက်ညှင်းပန်းခြင်းဟာ နည်းမျိုးစုံနဲ့ လာနိုင်ပါတယ်။ အရှေ့အလယ်ပိုင်း ဒေသတွင်းမှာလို အကြမ်းဖက် သတ်ဖြတ်ပြီး ညှင်းပန်းတာ ရှိတတ်တယ်။ အခုက အသင်းတော်ကို အဆက်မပြတ် စွပ်စွဲမှုတွေနဲ့ အမိအသင်းတော်ကို ညစ်ညမ်းအောင် ပြုမူနေတယ်။"

ကျမ်းစာတွင် နတ်ဆိုးအား စွပ်စွဲသူကြီး ဟု တင်စားခေါ်ထားသည်။ ရဟန်းမင်းကြီးကလည်း အသင်းတော်အား စွပ်စွဲသူကြီးက တိုက်ခိုက်နေသည်ဟု ပြောခဲ့သည်။

"အသင်းတော်ဟာ မညစ်ပတ်ပါဘူး။ သားသမီးတွေ ညစ်ပတ်တယ်။ ဒါပေမယ့် မိခင်က သန့်ရှင်းပါတယ်။ အခုချိန်က အမိအသင်းတော်ကို ဆုတောင်းမေတ္တာတွေနဲ့ ကာကွယ်ရမယ့် အချိန်ဖြစ်ပါတယ်။ အခုက အလွန် ခက်ခဲတဲ့ အချိန် ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စွပ်စွဲသူကြီးက ကျွန်ုပ်တို့ရဲ့ အားနည်းချက်တွေကနေ တဆင့် အသင်းတော်ကို ညစ်ပတ်အောင် လုပ်ဖို့ အားထုတ်နေလို့ပါ။ မိခင်ကိုတော့ သင်တို့ ထိလို့ မရပါဘူး။"

ယခု အချိန်များတွင် ဘုန်းတော်ကြီးများ၏ လိင်ပိုင်းဆိုင်ရာ မတော်မတရား အပြုအမူများကြောင့် အသင်းတော်မှာ ထိုးနှက်ခံနေရသည်။ ရဟန်းမင်းကြီး၏ စကားတွင် ထိုအကြောင်းအရာများ မပါသော်လည်း ထိုကိစ္စရပ်များကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်ဟု ကောက်ချက်ချကြသည်။



စက်တင်ဘာလအတွင်းကလည်း ဘာသာဝင်များအား စိပ်ပုတီးစိပ်ရန် ညွှန်ကြားပြီး မယ်တော်ထံပြုအပ်သော ဆုတောင်းမေတ္တာနှင့် သိကြားမင်း မိုက်ကယ်ထံပြုသော ဆုတောင်းမေတ္တာဖြင့် စိပ်ပုတီးစိပ်ခြင်းကို အဆုံးသတ်ရန် ညွှန်ကြားခဲ့သည်။ အဓိကမှာ နတ်ဆိုး၏ တိုက်ခိုက်ခြင်းများကို ဆုတောင်းခြင်းဖြင့် တွန်းလှန်ကြရန် သွန်သင်ခဲ့ခြင်း ဖြစ်သည်။

အလားတူပင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၂ ရက်နေ့တွင် ပူဇော်သော မစ္ဆားတရားတော်မြတ်တွင်လည်း ပုပ်ရဟန်းမင်းကြီးက "စွပ်စွဲသူကြီး" သတိပြု ရင်ဆိုင်ကြရန် မိန့်မှာခဲ့သည်။

ပုပ်ရဟန်းမင်းကြီးက ဆရာတော်ကြီးများအားထိုစွပ်စွဲသူကိုအောင်မြင်နိုင်ရန် အချက် သုံးချက် ပေးခဲ့သည်။ ဆုတောင်းသူများဖြစ်ကြရန်၊ ဘာသာဝင်များနှင့် နီးကပ်စွာ နေထိုင်ရန်၊ မိမိအား ဘုရားသခင်ရွေးကောက်ထားကြောင်း သိမှတ်ကာ နှိမ့်ချတတ်ရန် တို့ဖြစ်သည်။

ဆုတောင်းခြင်းသည် အခက်ခဲဆုံးအချိန်များ၌ ဆရာတော် တစ်ပါးအတွက် ခွန်အားယူနိုင်ရန် အကောင်းဆုံးအရာ ဖြစ်သည်။ အချင်းချင်းအတွက်လည်း အပြန် အလှန်ဆုတောင်းပေးကြရန် အားပေးခဲ့သည်။

"ကျွန်ုပ်တို့အားလုံးဟာ အပြစ်သည်တွေပါ။ နတ်ဆိုးက ဒီအပြစ်တွေကို ထုတ်ဖော်ပြီး လူတွေကို မကောင်းတဲ့ နမူနာရအောင် လုပ်ချင်တယ်။ လူတွေကိုလမ်းမှားရောက်စေချင်လို့ ဆရာတော်များကို တိုက်ခိုက်တာ ဖြစ်တယ်။"

ပုပ်ရဟန်းမင်းကြီး၏ ညီလာခံအား နိဂုံးချုပ်သော စကားသည် တိုသော်လည်း လိုအပ်သည့်အချက်များကို ထည့်သွင်းပြောခဲ့သည်။ ဆရာတော်ကြီးများ၏ ညီလာခံသည် ပါလီမန် အစည်းအဝေးတစ်ခု မဟုတ်ဘဲ ဝိညာဉ်တော်၏ လမ်းညွှန်မှုဖြင့် ဘုရား၏ အလိုတော်ကို ရှာဖွေခြင်းဖြစ်သည်ကို သတိပေးခဲ့သည်။ ညီလာခံတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် အရာများကို အကောင်အထည်ဖေါ်ရန် တာဝန်အရှိဆုံးသူများမှာ တက်ရောက်ကြသူများ ဖြစ်သောကြောင့် ဤညီလာခံမှ ရရှိသော အကြံဉာဏ်ကောင်းများကို အကောင်ထည်ဖေါ်နိုင်ရန် ဆက်လက် ဆုတောင်းကြဖို့လည်း တိုက်တွန်းခဲ့သည်။

Ref: Vatican Media, Christian headlines

# မဿားပူဇော်ခြင်း ဝိနည်း စာအုပ်အသစ် အစားထိုးလိုက်ခြင်းနှင့် ပတ်သက်၍ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ ကော်မရှင်၏ အတွင်းရေးမှူး ဘုန်းတော်ကြီး ဒေါမိနစ် ဂြိုလ်တု နှင့် တွေ့ဆုံမေးမြန်းခြင်း

မြန်မာပြည်တွင် ကက်သလစ်သာသနာ ရောက်ရှိခဲ့သည် မှာ နှစ်ပေါင်း ၅၀၀ ကျော်ခဲ့ပြီ ဖြစ်သည်။ သို့သော် အသင်းတော်၏ ယုံကြည်ချက်များနှင့် ကျင့်စဉ်များကို မြန်မာပြည်၏ယဉ်ကျေးမှုဓလေ့ ထုံးစံများနှင့် လိုက်လျောညီထွေ ပြုရန်မှာမူ ရှန်းကန် နေရဆဲ ဖြစ် သည်။ ထိုအရာများထဲမှ စိန် ခေါ်မှုအများဆုံးမှာ ယုံကြည်ချက်များကို မြန်မာစာ၊ မြန်မာစကားနှင့် ထုတ်ဖော် ပြောနိုင်ရန်ဖြစ်သည်။ ဤလုပ် ငန်းစဉ်အတွက် တစ်ဦးချင်းကြိုး စားအားထုတ်မှုများရှိသကဲ့သို့ ကက် သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှလည်း လုပ်ဆောင်ခဲ့သည်များ ရှိသည်။ ၁၉၆၃ ခု ဒီဇင်ဘာလ ၄ ရက် နေ့တွင် ဒုတိယ ဗာတီကန်ကောင်စီအပြီး "Sacrosanctum Concilium" အမည်ဖြင့် ထုတ်ပြန်ခဲ့သော ဝတ်ပြု ကိုးကွယ်ခြင်းဆိုင်ရာ ပြုပြင်ခြင်းဥပဒေများအရ နေရာဒေသအလိုက် မိမိတို့ ဘာသာစကားဖြင့် မဿား ပူဇော်ခြင်း ကျင်းပကြရသည်။ ထိုအချိန်မှ စတင်ကာ မြန်မာ ဘာသာဖြင့် မဿား ပူဇော်ခြင်း ဝိနည်းကို အသုံးပြုခဲ့ကြသော်လည်း စုံလင်စွာ ဘာသာပြန် ထားသော စာအုပ်ကို ၁၉၉၁ ခု မတ်လ ၁၈ ရက်နေ့စွဲဖြင့် အတည်ပြု ခဲ့သည်။ ဒုတိယအကြိမ်ထုတ်ဝေသော စာ အုပ်ကို ၂၀၀၈ ခု စက်တင် ဘာ ၂၉ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ယခု တတိယအကြိမ် ထုတ်ဝေမည့်စာအုပ်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့တွင် တရားဝင် အသုံးပြုရမည် ဖြစ်သည်။

ဘာသာစကားတို့သည် ခေတ်အချိန်ကာလ အလျောက် ပြောင်း လဲသည်ကို ကျွန်ုပ်တို့ အသိပင်ဖြစ်သည်။ မဿားပူဇော်ခြင်းကို အနှစ် သာရပြည့်ဝစွာ ကျင်းပနိုင်ရန် ကြိုးစားအားထုတ်ထားခြင်းဖြစ်သည်။ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားပါသည်။

မေး။ ။ဒီဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ ဒီစာအုပ်ကို ထုတ်နိုင်ဖို့ ဘယ်လိုတွေပြင်ဆင်ခဲ့ရလဲ။ ဘယ်အခက်အခက်တွေရှိခဲ့ပါသလဲ။

ဖြေ။ ။ဒီစာအုပ်ကို ထုတ်နိုင်ဖို့ ကိုယ်ကိုတိုင် ကြိုးစားတာလို့ မဆိုလိုဘူးပေါ့နော်။ ရှေးဘိုးဘေး ဆရာတော်ကြီးတွေ လက်ထက်ကတည်းကိုက ဒီဘိုးဘေး ရဟန်းဘုန်းကြီးတွေက ဗမာလို စပြီးတော့ ဝတ်ပြုကိုးကွယ်လို့ရပြီ ဆိုတဲ့ အချိန်ကစပြီး ဘာသာတွေပြန်ခဲ့တွေ ပြန်ခဲ့တာပေါ့။ ဥပမာ အောက်မြန်မာပြည် ဆိုရင်လည်း ဆရာတော် မန်းဂါဗြီ လက်ထက် အဘိုး ဖိလစ်၊ အဘိုးလေး ဘရှူးနီးတို့၊ ဒီအထက် ဗမာပြည်မှာ ဆိုရင်လည်း မန္တလေးဂိုဏ်းချုပ်သာသနာပိုင်ဆရာတော်ကြီး ဦးဝင်း၊ နောက်တစ်ခါ ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးသန်းအောင် လက်ထက်မှာ ဖာသာဂျွန်၊ ဖာသာ ရာဖာအဲ၊ ဖာသာ ဂျွန်ဩဂုတ်စတင်းတို့၊ ဖာသာ ပီတာမြအောင်တို့ အထက်ဘက်ကလည်း အထက်အဖွဲ့ ကြိုးစားပြီးတော့ revise ပြန်ပြန်လုပ်ပြီးတော့ ဘာသာပြန်ဆိုပေးခဲ့ကြတာ မှတ်မိတယ်။ ပြောမယ်ဆို ရဟန်းဖြစ်သင်ကျောင်းမှာနေခဲ့တာ (၈) နှစ်အတွင်းမှာ သူတို့ စာအုပ်ပြောင်းတာ (၄)ကြိမ် ကြုံခဲ့ဖူးတယ်။ ဒါတောင် ကိုရင်ဖြစ်ပြီးမှ ဘုန်းကြီးဖြစ်ပြီးမှ ပြောင်းတာ အများကြီးပဲပေါ့နော်။ သူတို့တွေ ဘိုးဘေးဆရာ တော်ကြီးတွေ၊ ဘိုးဘေး ရဟန်းတော်တွေ အကြိမ်ကြိမ်အလီလီ ကြိုးစားခဲ့ခြင်းနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်ကလည်း စနစ်တကျ ကော်မရှင်ဖွဲ့ပြီး ဒီလုပ်ငန်းကို ဆောင်ရွက်လိုက်တဲ့ အချိန်မှာ ကော်မရှင် ဦးဆောင်သူလာရှိုး ဆရာတော်ကြီး ဖိလစ်ဇဟောင်းနဲ့ အတွင်းရေးမှူး ဖာသာ ဆူစေး သူတို့တွေ ဆက်လက်ပြီး ဒီလုပ်ငန်းစဉ်ကို ထမ်းရွက်လာခဲ့တဲ့အတွက် ၂၀၀၇ ခုနှစ်မှာ ယခုအသုံးပြုနေတဲ့ စာအုပ်ထွက်ခဲ့တယ်။ ဟိုဘိုးဘေးတွေ ဆက်ပြီး အခက်အခဲအမျိုးမျိုးကို ကြိုးစာလာတဲ့အတွက် ဒီစာအုပ်က ဒီအခြေအနေရောက်လာတာ။

စကားလုံးတွေ၊ စကားအသုံးအနှုန်းတွေ၊ အမျိုးမျိုး အခက်အခဲတွေ့ပါတယ်။ ဒါဟာလည်း ဗမာပြည်ရဲ့ အခြေအနေက ကာလံဒေသံ လိုက်ပြီး စကားတွေက ကွဲတယ်။ ကွဲတယ်ဆိုတဲ့နေရာမှာ မြန်မာစကားကိုက ကွဲနေတာ ပြောမယ်ဆိုရင် ကယားက ပြောတော့ ကယား ဗမာစကားပေါ့၊ ကရင်က ပြောရင် ကရင် ဗမာစကား၊ နောက် မန္တလေးဘက်မှာ မြန်မာလို့ခေါ်တဲ့ ကက်သလစ်တွေက ပြောပြန်တော့လည်း ဗရင်ဂျီ ဗမာစကားဖြစ် နေတယ်။ ဗမာစကား စစ်တာတွေလည်း ပါသလို မစစ်တဲ့ အချက်တွေလည်း အဲ့ထဲမှာ ဝင်ပါတာပေါ့နော်။ အဲ့တော့ ဗရင်ဂျီ ဗမာစကားက ဗရင်ဂျီ ကက်သလစ်တွေပဲ နားလည် တာလေ။ ကယား ဗမာစကားက ကယားပဲ နားလည်တာ။ ကရင်ဗမာစကားက ကရင်တွေပဲ နားလည်တာ အဲ့တော့ အသုံးအနှုန်းတွေကတော့ တော်တော် အခက်အခဲတွေ့တယ်။ နောက်ပိတ်ဆုံး တဖြေးဖြေးနဲ့ ဆရာတော် ဦးသန်း



ဖါသာရ် ဒေါမိနစ် ဂြိုလ်တု

အောင် လက်ထက်မှာ မန္တလေး တက္ကသိုလ်က မြန်မာစာ ကထိကကြီးကို အကူအညီတောင်းခဲ့တယ် အဲ့မှာကိုက အများကြီး ကောက်ချက်တွေ ချပေးခဲ့တယ်။ သူတို့က တော့ မြန်မာစစ်စစ်တွေဆိုတော့ မြန်မာ နားလည်မှုနဲ့ သွားတယ်ဆို တာကိုတွေ့ရတာပေါ့နော်။

ဘုန်းဘုန်းတို့လက်ထက် ရောက်တဲ့အချိန်မှာတော့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆရာတော်ကြီး ဖဲလစ်လျန်ခင်းထန်ကနေ ဒီလုပ်ငန်းကို ဆက်လုပ်ရမယ်ဆိုပြီး တာဝန်ပေးတော့ ဘုရားပေးတာဝန်အနေနဲ့ လုပ်ကိုင်ခဲ့တယ်။ လက်ရှိကော်မရှင်ရဲ့ ဦးဆောင်သူကတော့ မန္တလေးဂိုဏ်းချုပ်ဆရာတော်ကြီး နိကော်လား မန်ထန်း ဘုန်းဘုန်းက အတွင်းရေးမှူးပေါ့။ ဒီမြန်မာစာအုပ်က ၂၀၀၇ခုနှစ်မှာ ထွက်တယ်။ English Translation တကယ့် Final ကို သာသနာက ထုတ်ပေးလိုက်တာက ၂၀၁၀ ကျမှ ထွက်တယ်ဆိုတော့ အများကြီး ပြင်ရတော့မယ်။ ဘာလို့လဲဆိုတော့ (၂၀၀၇) ထွက် မပါတာ တွေ အများကြီးရှိလာတော့ ၂၀၁၄ ဇန်နဝါရီ အစည်းအဝေးမှာ ဒီမဿားတရားစာအုပ်တစ်ခုလုံးကို ပြင်ခဲ့ပါ၊ အဟောင်းနဲ့လည်း ပြန်တိုက် ပြီးတော့ အသုံးအနှုန်းတွေလည်း ပြင်သင့်တယ်ထင်တဲ့အရာတွေ ပြင်ခဲ့ပါဆိုတော့ ဒီဟာကို ပြင်ရတာပေါ့။ အဲ့တော့ ကိုယ်တစ်ယောက်တည်းလည်း ပြင်လို့မရဘူး မန္တလေးက တစ်ချို့ ရဟန်းတော်တွေ အကူအညီတောင်းပြီးတော့ အထူးသဖြင့် ဖာသာရ် မာကုတင်ဝင်း လည်းပါမယ်။ နောက်ပြီးတော့ ပြင်ပြီးတော့ မြင်းမူ အောင်မြင့်သိန်းဆိုတဲ့ စာရေးဆရာကို မြန်မာ တစ်ယောက် အနေနဲ့ နားလည်လား ဖတ်ကြည့်ပါဆိုပြီး ပေးလိုက်တယ်။ သူဖတ်ပြီး တစ်လလောက် နေတဲ့ အချိန်မှာ မှတ်ချက်တွေနဲ့ ပြင်ပေးတယ်။ ပြင်ပြီးတော့ ဇန်နဝါရီ (၅) ရက် ၂၀၁၄ ခုနှစ် တင်ပြလိုက်တာ။ တင်တဲ့အချိန်မှာ တစ်ချို့ဘုန်းကြီးတွေက လည်း နှုတ်ကျိုးနေပြီ ဒီအတိုင်းပဲ ထားလိုက်ရအောင်ဆိုပြီး ပြောကြတယ်။ အဲ့မှာ ဘုန်းဘုန်းက ဘာတရားရလိုက်တာက နှုတ်ကျိုးလို့ မပြင်တော့ဘူး ဆိုတာတော့ မဟုတ်သေးဘူးထင် တယ်လို့။ သာသနာပြုဆိုတာက ကိုယ်က အချဉ်ကြိုက်လို့ ဆွယ်တဲ့တရား၊

သူက အချိုကြိုက်လို့ သူများကို အချိုကြိုက် အောင် ဆွယ်တဲ့တရား၊ ကိုယ်က အခါးကြိုက်လို့ အဖန် ကြိုက်လို့ သူများကြိုက်အောင် ဆွယ်တဲ့တရား မဖြစ်ရဘူး။ ကိုယ်က အမှန်တွေ့ထားလို့ အမှန်ကိုပဲ သူများရအောင် ဟောရမှာ အဲ့ဒါမှ သာသနာပြုဆိုပြီး တရားရတယ်။

မေး။ ။အခုပြင်လိုက်တဲ့စာအုပ်ရယ် အရင်စာအုပ်ရယ် ဘာတွေကွဲပြားသွားလဲ။

ဖြေ။ ။ဒီစာအုပ်ရဲ့ပြောင်းလဲမှုဆိုရင် ဘုန်းဘုန်းက အတွင်းရေးမှူးဆိုတော့ စ စချင်း မူကြမ်းလုပ်ပေးရတယ်။ ကိုယ် ၄ နှစ်ပြင်ထားတဲ့အရာကို ဒီကော်မရှင်မရှင်ရဲ့ ဦးဆောင်သူဖြစ်တဲ့ မန္တလေး ဂိုဏ်းချုပ်ဆရာတော်ကြီး နိကော်လား မန်ထန်းကနေ နိုင်ငံခြားမှ ပညာတော်သင်ခဲ့တဲ့ ဘွဲ့ရ ရဟန်းဘုန်းကြီးတွေ၊ ဆရာတော်ကြီး အားသိုက်ပါတယ်၊ ဆရာတော်ကြီး ဦးပြုံးချို လည်းတက်တယ်။ နောက်တစ်ပါးက ဆရာတော်ကြီး ဂျက်စတင်း ဒီအစည်းအဝေးမှာ ဒီစာအုပ်ကို ဝေဖန်ကြတာ။ သူတို့ရဲ့ ဆုံးဖြတ်ထားချက်အတိုင်းပဲ ဒါထွက်လာတာ။ အဲ့ဒီ ရဟန်းတော်တွေ ဆရာတော်တွေ အများရဲ့ဆုံးဖြတ်ချက်က အခုထွက်လာတဲ့ လက်တင်းနဲ့ လုံးဝတူတဲ့ အတိအကျ တူတဲ့ ဒီအင်္ဂလိပ်ဘာသာ ပြန်အတိုင်းပဲ ပြန်ပါတော့။ မပြင်တော့ပါနဲ့။ တကယ်လို့ အဲ့ဒီတိုင်း မသွားဘူးဆိုရင် နောက် သာသနာပိုင်ချုပ် ပုပ်ရဟန်းမင်းကြီးကနေ ပြင်ပါလို့ ပြောရင် အလုပ်တစ်ခုပြန်ရှုပ် မယ်တဲ့။ ဒါကြောင့်မို့ အတိအကျသာ ပြန်တော့ဆိုတော့။ ဘုရားသခင်သည် သင်တို့နှင့် ရှိပါစေ ဆိုရင် အရင်က ကိုယ်တော်နှင့်လည်းရှိပါစေ။ မဟုတ်ဘူး အင်္ဂလိပ်လိုဆိုရင် with your spirit ကိုယ်တော်၏ ဝိညာဉ်နှင့်လည်းရှိပါစေ အဲ့ဒီအတိုင်းပဲ ပြန်ခိုင်းတော့တယ်။ ပြီးတော့ ဒီ ၂၀၁၀ Edition အတိုင်း ပြောင်းတာတွေ ဖြည့်တာတွေနဲ့ စကားလုံး အသုံးအနှုန်းပြောင်းတာတွေနဲ့ ဖြည့်လိုက်တယ်။ နောက် ဆုံး စာအုပ် စက်ပေါ်မတင်ခင်မှာ ဟားခါးသာသနာက ကာနွန်ဥပဒေဒေါက်တာဘွဲ့ရ ဖာသာ ဂျိုးဇက် ကီးခွေအောင် ကနေ စာမျက်နှာ တစ်ထောင့်တစ်ရာနှစ်ဆယ့်ရှစ်မျက်နှာရှိတာကို အကုန် revise လုပ်တာ ဒီက ဘယ်လိုအသုံးအနှုန်း ရှိတယ်၊ ဒါက ဘယ်လိုသုံးတယ် တစ်ခါတစ်လေ ကိုယ်လည်း မမြင်တာတွေရှိတယ်။ ကျန်တဲ့ အပိုင်းတွေ လည်းရှိအုံးမှာပဲ ဒါပေမယ့် အဲ့ဒါတော့ ဘုန်းဘုန်း က တောင်းခံချင်တာတော့ နောင်လာ နောင်သားတွေက ကောင်းသထက်ကောင်းအောင် လုပ်သွား စေချင်တယ်။ မှန်သထက်မှန်အောင် လုပ်သွား စေချင်တာပဲ။ ဟို ငါမကြိုက်လို့ ငါကြိုက်လို့ ကိုယ့်အကြိုက် တရားတွေ ကိုယ့်အကြိုက်တွေကို သုံးဖို့ မဟုတ်ဘူး ဘယ်ဟာမှန်သလဲဆိုတာကိုပဲ ရွေးပြီးတော့ သုံးစေချင်တယ်။ ဒီမဿားစာအုပ်ကတော့ ပြောမယ်ဆို တစ် နိုင်ငံလုံး ပညာရှင်တွေနဲ့ ဒီဝတ်ပြုကိုးကိုယ်ခြင်း ကိုယ်စားလှယ်တွေ ကနေ ပြင်ထားတဲ့အတိုင်းပေါ့။

CBCM-OSC

# မစ္ဆားပူဇော်ခြင်းဝိနည်း အသစ်သည် အသင်းတော် ဥပဒေနှင့် အညီ ပိုင်းဝန်းလုပ်ဆောင်ထားခြင်း ဖြစ် ဟု ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ နာယကဆရာတော် မိန့်ကြား

မြန်မာဘာသာဖြင့် မစ္ဆားပူဇော်ရာတွင် အသုံးပြုရမည့် ဝိနည်းတော်စာအုပ် အသစ်ကို ပြင်ဆင်ရေးသားရာတွင် ကာနွန်ဥပဒေ၏ ညွှန်ကြားချက်များနှင့်အတူ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၈ ရက်နေ့တွင် တရားဝင်ဖြစ်လာသော ပုပ်ဖရန်စစ်၏ လမ်းညွှန်ချက်များအတိုင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဝတ်ပြုကိုးကွယ်ခြင်း ကော်မရှင်ဥက္ကဌ မန္တလေးဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလပ်စ် မန်ထန်းက ရှင်းလင်း ပြောပြခဲ့သည်။

"ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ စာအုပ်များ၊ ဆုတောင်းမေတ္တာများကို မိမိတို့သာသနာနယ်အတွင်းရှိဘာသာဝင်များအသုံးပြုနိုင်ရေး ဘာသာပြန်ဆိုခြင်းကို သက်ဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်ကို တာဝန်နဲ့ လုပ်ပိုင်ခွင့် ဖြစ်ကြောင်း ထုတ်ပြန် ထားတဲ့အတိုင်း ကျွန်ုပ်တို့ တာဝန်ယူ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါတယ်။"

"ဘာသာပြန်တဲ့အချိန်မှာလည်း ဒေသခံ ဘာသာဝင်များ နားလည်နိုင်တဲ့ ဘာသာစကားဖြစ်ရမယ်၊ ပြီးတော့ ဘာသာစကား အရည်အသွေးရှိရမယ်လို့လည်း ညွှန်ကြားထားတယ်။"

"တာဝန်အနေနဲ့ ဂိုဏ်းချုပ်/ဂိုဏ်းအုပ် သာသနာတိုင်းက ဆရာတော်တွေမှာ သူတို့ သာသနာမှာ ရှိတဲ့ ဘာသာဝင်တွေအတွက် ဝတ်ပြုကိုးကွယ်ခြင်း စာအုပ်တွေကို ဒေသခံတိုင်းရင်းသား ဘာသာစကားနဲ့ လုပ်ပေးဖို့တာဝန်ရှိတယ်။ အဲ့ဒီလို ဒေသခံဆရာတော်က သူ့သာသနာအတွက် လုပ်လိုက်တဲ့ အရာကို အခြားနေရာတွေမှာလည်း သုံးသင့်တယ်လို့ ယူဆရင် ဆရာတော်ကြီးများ အဖွဲ့ချုပ်က အတည်ပြုပြီး အားလုံးအသုံးပြုဖို့ လုပ်နိုင်တယ်။ ဗမာလိုထုတ်တော့မယ်ဆိုရင် သာသနာ ၁၆ ခုမှာ မန္တလေးသာသနာ တစ်ခုသာ ဗမာလို ထုတ်နိုင်မယ်။ အခြားသာသနာတွေ ကကချင်၊ ကရင်၊ ကယား၊ ချင်း စသဖြင့် ထုတ်ကြရမယ်။ အဲ့လိုပြောလို့ အခြားသာသနာတွေက ဗမာစကားမတတ်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူး၊ ဗမာဆိုပြီး သီးခြားရှိတာက မန္တလေးသာသနာပဲ။ အဲ့ဒါကို အခြေခံပြီး ဗမာတွေ နားလည်နိုင်ပြီး ဗမာစကား အရည် အသွေး ပြည့်ဝတဲ့ ဝိနည်းစာအုပ် ထွက်လာဖို့ မန္တလေးဆရာတော်အဖြစ်ရှိနေတဲ့ ကျွန်ုပ်မှာ တာဝန်ရှိတယ်လို့ ခံယူပြီး ဒီအလုပ်ကိုလုပ်ခဲ့တယ်။ ဆရာတော်ကြီးများ အဖွဲ့ချုပ်ကိုလည်း တင်ပြတော့ အသိအမှတ်ပြုပြီး တာဝန်ပေးအပ်ခဲ့ကြတယ်။"

"ဘာသာစကားနေနဲ့ကတော့ ဗုဒ္ဓဘာသာဗမာစကားကို အခြေခံတယ်။ ဗုဒ္ဓဘာသာ မြန်မာတွေ နားလည်အောင် ပြုလုပ်ခြင်းအားဖြင့် သတင်းကောင်း မျှဝေခြင်းကိုလည်း တခါတည်း ဆောင်ရွက်ပြီးသားဖြစ်သွားတယ်။ ဘုရားသခင်အတွက် ဘုရားနဲ့ဆိုင်တဲ့ စကားလုံးသာ သုံးခြင်းအားဖြင့် ဗုဒ္ဓဘာသာတွေကြားတဲ့အခါ သူတို့ဘုရားဟာလည်း ဒီလိုရှိပါလား ဆိုပြီး သိလာကြလိမ့်မယ်။ တနည်းအားဖြင့် ယုံကြည်ခြင်းကို မြန်မာမှုပြုတဲ့သဘောပေ့ါ။ ကျွန်ုပ်တို့ရဲ့ ယုံကြည်ခြင်းကို မြန်မာလူမျိုးတွေ နားလည်နိုင်တဲ့ စကားလုံးနဲ့ ပြောပြနိုင်မှ သူတို့လက်ခံနိုင်မှာ။ အခုကလည်း ပြည့်စုံတယ်လို့ဆိုလို့ မရသေးပါဘူး။ ဆက်လက် လုပ်ဆောင်သွားရမယ့် ရေရှည်လုပ်ငန်းစဉ်တစ်ခုပေ့ါ။"

"အခုပြင်ဆင်ထားတဲ့ စာအုပ်ကတော့ သာသနာတိုင်းက ကိုယ်စားလှယ်တွေ ပါဝင်ပြီး လုပ်ထားတဲ့ အရာဖြစ်ပါတယ်။ ကျွန်ုပ်က တာဝန်ခံဆိုပြီး၊ မန္တလေးက တာဝန်ရှိတယ်ဆိုပြီး လုပ်ထားတာ မဟုတ်ပါဘူး။ အများသဘောတူ ဆုံးဖြတ်ပြီးမှ ထွက်လာတဲ့ စာအုပ်ဖြစ်ပါတယ်။ အခုပြီးသွားတဲ့အထဲမှာ မကြိုက်တာတွေ ပါတယ်။ ဒါပေမယ့် အများသဘောတူတော့လည်း လိုက်လျောရတာပဲ။ ဥပမာ - ကိုယ်တော်၏ ဝိညာဉ်နှင့်လည်း ရှိပါစေ လို့ ဖြေတာကို မကြိုက်ဘူး။ အများကဒီအတိုင်း ကြိုက်တယ်၊ ပိုသင့်တော်တယ်လို့ ပြောတော့လည်း လက်ခံရတာပေ့ါ။"

"မစ္ဆားပူဇော်ခြင်းဟာခရစ်ယာန်အသက်တာရဲ့အခြေခံ အုတ်မြစ်ဖြစ်တယ်။ ပါဒရေ ပီအိုရဲ့ မိန့်မှာချက်အရ ဆိုရင် ရဟန်းတစ်ပါး မစ္ဆားပူဇော်တဲ့အခါ မယ်တော်သခင်ရော သိကြားရဟန္တာတွေဟာ အဲ့ဒီ ဘုရားစင်မှာ ပိုင်းဝန်း ခြံရံနေကြတယ်။ အတူတကွပါဝင်ကြတယ်။ ရဟန်းတွေဟာ တစ်ပါးတည်း မစ္ဆားပူဇော်နေရင်တောင် သူတပါးတည်းမဟုတ်ဘူး ဆိုတာ သိမှတ်ရမယ်။ လောကမှာရှိတဲ့ အသင်းတော်၊ ကောင်းကင်မှာ ရှိတဲ့ အသင်းတော်ဟာ တလုံးတဝတည်း ရှိတယ်ဆိုတာ ဒီအချိန်မှာ ခံစားနိုင်တယ်။ ငရဲငယ်မှာ ဆပ်ဖြေနေတဲ့ အသင်းတော်အတွက် ဒီအချိန်မှာ အထူးဆုတောင်းပေးကြတယ်။ မစ္ဆားပူဇော်ခြင်းမှာ သိကြားရဟန္တာတွေဟာ တစုတရုံးတည်း မစ္ဆားပူဇော်ခြင်းရဲ့ ရည်ရွယ်ချက်အတွက် ပိုင်းဝန်း တောင်းလျှောက် ပေးကြတယ်။ အတူတကွ ကျေးဇူးတင်ကြတယ်။"



မန္တလေး ဂိုဏ်းချုပ်သာသနာ ဆရာတော်ကြီး နီကောလပ်စ် မန်ထန်း

"အခြားတိုင်းရင်းသားဘာသာစကားတွေနဲ့ဒီလိုဝိနည်းစာအုပ်တွေရှိဖို့လည်း ဆရာတော်တိုင်းကို တိုက်တွန်းချင်တယ်။ အခု မြန်မာလို ထွက်ပြီ။ ကျန်တဲ့ တိုင်းရင်းသား ဘာသာစကားတိုင်းနဲ့လည်း ထုတ်စေချင်တယ်။ ဒါမှ တိုင်းရင်းသားတိုင်းက ကိုယ့်ရဲ့ ဘာသာစကားနဲ့ အနစ်သာရ ရှိရှိ ဝတ်ပြုကိုးကွယ်ခြင်းအမှုကို ပြုနိုင်ကြမယ်။ ဒါက အားမှ လုပ်ရမယ့် အလုပ်မဟုတ်ဘူး။ အဓိကလုပ်ရမယ့် အချက်ဆိုတာ သိစေချင်တယ်။"

(ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်းမှ ကောက်နုတ်ဖော်ပြသည်)

CBCM-OSC

# ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်တွင် ရဟန်းသိက္ခာ ခံယူခဲ့ကြသော ဘုန်းတော်ကြီးများ မွမ်းမံသင်တန်း

၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်တွင် ရဟန်းသိက္ခာခံယူခဲ့ကြသော ဘုန်းတော်ကြီးများ၏ ပြန်လည်ဆန်းသစ် မွမ်းမံ သင်တန်းကို ပုသိမ်မြို့ မရမ်ချောင်းတွင် အောက်တိုဘာလ ၂၂ရက်နေ့မှ ၂၇ ရက်ထိ ECC အဖွဲ့မှ ကြီးမှူးကာ ၆ ရက်တာ သင်တန်းကို အောင်မြင်စွာ ကျင်း ပခဲ့ပါသည်။

ဤသင်တန်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ သာသနာအသီးသီးမှ ဘုန်းတော်ကြီးများ အပါး ၄၀ တက်ရောက်ခဲ့ပါသည်။ ဤ သင်တန်း တက်ရောက်ခြင်းဖြင့် ရဟန်းတော်များသည် မိမိတို့၏ ရဟန်းဘဝကို ပြန်လည်ဆန်းသစ် မွမ်းမံပြီး ဘုရားသခင်နှင့်အတူ လျှောက်လှမ်း ရမည်ဖြစ်သည်။ ရဟန်းများသည် မိမိတို့၏ ငယ်စဉ်ကလေးဘဝမှ ယခုချိန်ထိ မိမိတို့၏ ကြီးပြင်း လာရသည့် ပတ်ဝန်းကျင်၊ မိသားစုကို ပြန်လည်ဆန်းစစ်ခဲ့ကြပြီး ရှေ့ဆက်အသက်တာတွင် ဘုရားသခင်ရဲ့အလိုတော်အတိုင်း လျှောက်လှမ်းရမည်ဖြစ်သည်။

ဤသင်တန်းတွင် ECC အဖွဲ့မှ Bishop Stephen Tje Phe, Bishop John Saw Yaw Han, Bishop John Mahn Hsane Hgyi,Fr. Simon Tin Mg, Fr. Henry, Fr. Cyprian Ag Win, Fr. Vinny Joseph, Fr. Victor Mg Thit, Sr Ida, Sr. Ada တို့မှ အသီးသီး ဝေမျှခဲ့ကြပါသည်။ သင်တန်း၏ နောက်ဆုံး နေ့တွင် ချောင်းသာသို့ အပန်းဖြေ ခရီးစဉ် ထွက်ခဲ့ကြပါသည်။

Pathein OSC



# သာသနာ ပြန့်ပွားရေး ရက်သတ္တပတ်

ရန်ကုန်ဂိုဏ်းချုပ်သာသနာ၊ သာသနာပြုကလေးသူငယ်များအသင်း တစ်ရက်တာသင်တန်းကို အင်းစိန်မြို့ရှိ စိန်ပီတာနှင့် စိန်ပေါလ် ဘုရားကျောင်းတွင် အောက်တိုဘာလ ၂၅ ရက်နေ့က နံနက် ၈နာရီမှ ညနေ ၅နာရီအထိ အောင်မြင်စွာပြုလုပ်နိုင်ခဲ့ခြင်းအတွက် ပထမဦးစွာဘုရားသခင်အားကျေးဇူးတင်ပါသည်။

အခမ်းအနားတွင် လိပ်ပုတ်ကုန်းကျေးရွာ သာသနာပြု ကလေးသူငယ်များ ဘင်ခရာအဖွဲ့မှ သာသနာအသီးသီးမှသာသနာပြုကလေးသူငယ်များအားကြိုဆိုခဲ့ကြပြီး လှိုင်သာယာဘုရားကျောင်းမှ သာသနာပြုကလေးသူငယ်များက တိုက်ကြီးငါးတိုက်တွင် သာသနာပြုနေကြ သော သာသနာပြုများအား ဂုဏ်ပြုခြင်း အထိမ်းအမှတ်ဖြင့် အဝါရောင်(အာရှတိုက်)၊ အပြာရောင် (ဩစတေးလျတိုက်)၊အဖြူရောင်(ဥရောပတိုက်)၊ အနီရောင်(အမေရိကတိုက်)၊ အစိမ်းရောင် (အာဖရိကတိုက်) စသည့်အရောင်ငါးရောင်ပါဝင်သော ဖယောင်းတိုင်များနှင့် ဖဲကြိုးများကို ထွန်းညှိတပ်ဆင်ခဲ့ကြသည်။ ထို့နောက် Fr. Peter Lewis (SDB) မှသမ္မာကျမ်းစာကို



ရွတ်ဆိုပလ္လင်တင်ပေးပြီး ဆုတောင်းခြင်းများပြုလုပ်ခဲ့သည်။ ဆက်လက်၍ Isabella Pyone Pyone Aung (PMS) မှ ရဟန်းမင်းကြီးဆိုင်ရာယုံကြည်ခြင်းပြန့်ပွားရေးအသင်းအကြောင်းကိုဝေမျှခဲ့ပြီး၊ အဘိုးမွန်ဆီညော်ဂေါ်ဒွင်မှ သားငယ် သမီးငယ်များအား ဆုံးမစကားပြောကြားပြီးနောက် ပထမပိုင်း အစီအစဉ်များအဆုံးသတ်ခဲ့သည်။

ဒုတိယပိုင်း ပို့ချခြင်း အစီစဉ်များတွင် Fr. Raymond Than နှင့် Fr. Peter Lewis တို့မှ "World Mission Sunday" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Sr.Kathy (GS) မှ "အမျိုးသား အမျိုးသမီးအချင်းချင်းလေးစားခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Sr. Agatha (FMA)၊ Sr. Nicholas (FMA)၊ Sr. Lucia (FMA) တို့မှ ကလေးသူငယ်များ အတုယူစံထားရမည့် ဓမ္မအာဇာနည်ရဟန္တာလေးများဖြစ်သော သံဂျိုဆေးဆန်ကက်ဒရီးယို၊ သံဒေါမိနစ်ဆာဗေယိုနှင့် သံတာထရေဇားလေးအကြောင်းများကိုရှင်းလင်းပို့ချပေးခဲ့သည်။

တတိယပိုင်းအချိန်တွင် ကက်သလစ် အသင်းတော်အကြောင်း၊ ဝတ်ပြုကိုးကွယ်ခြင်းအကြောင်း၊ Missionary Childhood အကြောင်းနှင့်အခြားအထွေထွေဗဟုသုတများ မေးမြန်းခြင်းအစီအစဉ်များကိုပြုလုပ်ခဲ့သည်။

ထို့နောက် ညနေ ၃နာရီအချိန်တွင် စုပေါင်းမစ္ဆားတရားတော်မြတ်ကို အတူတကွ ပူဇော်ခဲ့ကြပြီး တစ်နေ့တာသင်တန်းကို အဆုံးသတ်ခဲ့သည်။

သင်တန်းကို ရန်ကုန်ဂိုဏ်းချုပ်သာသနာအတွင်းရှိ သာသနာ ၂၂ ခုမှ ကလေးသူငယ်များနှင့် တာဝန်ခံများ စုစုပေါင်း ၁၀၀၅ ဦးတက်ရောက်ခဲ့သည်။

ဤသင်တန်း ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှဝိုင်းဝန်းကူညီခဲ့ကြသူများအားလုံးကိုအထူးပင်ကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်အပ်ပါသည်။

Credit: Pyone Pyone Aung (PMS)

# စိန်ဗင်းဆင်းဒီပေါလ်အသင်း ပွဲတော်ကျင်းပခြင်း



တောင်ငူသာသနာ၊ လိပ်သိုစိန်ဗင်းဆင်းဒီပေါလ်အသင်း ရွှေနှလုံးတော်ကွန်ဖရင့်နှင့် ဇလဲကွန်ဖရင့်တို့ပူးပေါင်းပြီး စိန်ဗင်းဆင်းဒီပေါလ်ပွဲကို စက်တင်ဘာလ ၂၉ ရက်နှင့် ၃၀ ရက်တို့က ကျင်းပပြုလုပ်ခဲ့ကြသည်။

စက်တင်ဘာလ ၂၉ ရက် ညနေပိုင်း တွင် ယေဇူးရွှေနှလုံးတော်ဘုရားကျောင်း၌ ပြန်လည်သင့်မြတ်ခြင်းနှင့် အာပတ်ဖြေခြင်းအခမ်းအနား ကို ကျောင်းထိုင်ဘုန်းတော်ကြီး Rev. Fr.Daniel အာခိုး၊Rev.Fr.Noel ကျော်စိန်ဝင်း နှင့် Sr.မြတ်နှင်းနွယ် တို့မှဦးဆောင်ကျင်းပပြုလုပ်ပေးခဲ့ကြပါသည်။ စက်တင်ဘာ ၃၀ ရက် တနင်္ဂနွေနေ့တွင် ကျေးဇူးတင်မစ္ဆားတရားတော်မြတ်ကို ကျောင်းထိုင်ဘုန်းတော်ကြီးမှ တင်ပူဇော်ပေးခဲ့ပြီး စိန်ဗင်းဆင်းဒီပေါလ် အသင်းသူ အသင်းသားများ မစ္ဆားတရား ပါဝင်တက်ရောက်ခဲ့ကြသည်။

တရားတော်မြတ်အပြီးတွင် မရှိဆင်းရဲသောလူနာများထံသို့ သွားရောက်ကြည့်ရှုအားပေး လှူဒါန်းပေးခဲ့ကြပြီး ပါဝင်သူ (၅၂)ဦးရှိပါသည်။

ဒက်ဇူးမယ်(ISR)

# မော်လမြိုင်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ ဓမ္မဆရာဆရာမများ နှစ်ပတ်လည် ဝတ်စောင့်ခြင်း

မော်လမြိုင်ဂိုဏ်းအုပ်သာသနာအတွင်းရှိ ဓမ္မဆရာဆရာမများ နှစ်ပတ်လည် ဝတ်စောင့်ခြင်းကို မော်လမြိုင်ဂိုဏ်းအုပ်သာသနာ တနင်္သာရီမြို့နယ်ရှိ သကျက်ကျေးရွာ စိန်မိုက်ကယ် ဘုရားကျောင်းတွင် အောက်တိုဘာလ (၁၁) ရက်မှ (၁၄)ရက်နေ့အထိ ပြုလုပ်ခဲ့ပြီး ဓမ္မဆရာ၊ ဆရာမ စုစုပေါင်း (၃၅)ဦး တက်ရောက်ပါဝင်ခဲ့ကြသည်။

ဝတ်စောင့်ပွဲကို စိန်မိုက်ကယ် ကျောင်းထိုင်ဘုန်းတော်ကြီး မာတေဦးမျိုးချစ်နှင့် ဓမ္မဆရာ တာဝန်ခံဘုန်းတော်ကြီးဟင်နရီတို့က ပူးပေါင်းဦးဆောင်ခဲ့ကြပြီး ဘုန်းတော်ကြီးဟူးဘက်မျိုးသန့်ဦးက ကက်သလစ် အသင်းတော်၏လူမှုရေးဆိုင်ရာ သွန်သင်ချက်ဖြစ်သော လူ့ဂုဏ်သိက္ခာ၊ အများအကျိုးနှင့် အဖွဲ့အစည်း၊ ဆင်းရဲသားများအားဦးစားပေး၍ အထူးဂရုစိုက်ခြင်း၊ လူ့အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ၊ လူ့အဖွဲ့အစည်း၏ တာဝန်ခွဲဝေမှုနှင့် ပံ့ပိုးကူညီမှု၊ စီးပွားရေးလုပ်ငန်းတွင် တရားမျှတမှု၊ ဘုရားသခင်ဖန်ဆင်းထားသောအရာများကိုထိန်းသိမ်းစောင့်ရှောက်ရသောတာဝန်၊ အဆင့်မြှင့်တင်ခြင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ပူးပေါင်းပါဝင် လုပ်ကိုင်ခြင်းနှင့် ကမ္ဘာတစ်ဝန်းစည်းလုံးညီညွတ်မှုစသည့် ခေါင်းစဉ်များဖြင့် ပို့ချပေးခဲ့ပါသည်။



"ဒီလိုမျိုးတစ်နှစ်တစ်ခါ ဓမ္မဆရာများ ပြန်လည်ဆုံတွေ့တာကအင်မတန်မှ ခွန်အားရစရာပါ။ ဘာကြောင့်လဲ

စာမျက်နှာ ၉ သို့

# မော်လမြိုင်သာသနာတွင် ခရစ်ယာန်များစုပေါင်းမိတ်သဟာရ ကျင်းပခြင်း




၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၂ မှ ၂၄ ရက်အထိ ၃ ရက်တာခရစ်ယာန်များ မိတ်သဟာရပွဲကို မော်လမြိုင် သာသနာရှိ ဆရာတော်ကြီးရေမွန်စောဖိုးရေ၏ ကျောင်းတိုက်တွင်ကျင်းပခဲ့ကြသည်။

ထိုအစီအစဉ်များတွင် ခရစ်ယာန်များသာမက ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကိုလည်း ဖိတ်ခေါ်ခဲ့ကြသည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သောခရစ်ယာန်မိတ်သဟာယကို ၁၉၉၆ မှစတင်၍ ထားဝယ်နှင့်မြိတ်မြို့တို့တွင် တလှည့်စီကျင်းပခဲ့ရာ ၁၆ ကြိမ်ရှိခဲ့ပြီဖြစ်သည်။ ယခုတဖန်မော်လမြိုင်မြို့တွင် ၁၇ ကြိမ်မြောက်ကျင်းပခဲ့ခြင်း ဖြစ်သည်။

အဓိကအစီအစဉ် အနေဖြင့် အတူတကွ သမ္မာကျမ်းစာများကို လေ့လာထောက်ရှုခြင်းကို မနက်ပိုင်းတွင် ပြုလုပ်ပြီး ကရင်ရေးရာနှင့်ဆိုင်သော ဆွေးနွေးချက်များကို ညနေပိုင်းတွင် ကျင်းပ ပြုလုပ်ကြသည်။ အဓိကပြု လုပ်သောရည်ရွယ်ချက်မှာ ခရစ်ယာန်များအတူတကွလက်တွဲကာ ဒေသရှိပြည်သူလူထုအတွက် အကျိုးကို မျှော်ကိုး၍သော်လည်းကောင်း၊ ဘာသာရေးအခမ်းအနားများတွင်စုပေါင်းပါဝင်ကာ ခရစ်ယာန်သားသမီးများ အတူတကွ စည်းလုံးမှုရှိရန်လည်းဖြစ်သည်။ ပွဲတော်ကို ဦးဆောင်သောသိက္ခာတော်ရ ဆရာ မက်သရူးအေးက "ဒီလိုပြုလုပ်ခြင်းဟာ ခရစ်ယာန်များ ပိုမိုရင်းနှီးစေအောင် ရည်ရွယ်သည်သာမက သမ္မာကျမ်းစာကို ကရင်မျက် လုံးဖြင့် ဖတ်ကြားပြီး နားလည်သဘောပေါက်စေရန်ရည်ရွယ်သည်ဟု ပြောကြားခဲ့သည်။" တက်ရောက်လာ သောသူများမှာ ၁၀၀ ကျော်ခန့်ရှိပြီး ဘာသာရေးခေါင်းဆောင်များနှင့် လူငယ်များအဓိကအားဖြင့်ပါဝင်ခဲ့ကြသည်။

Deacon Nicholas (OSC-MLM)

# မဇော ၊ သကာန် ကျေးရွာများမှ မိခင်များ ပထမကြိမ် ဝတ်စောင့်ပွဲနှင့် အသင်း ပြန်လည်ဖွဲ့စည်းခြင်းအစည်းအဝေးပြုလုပ်




မော်လမြိုင် ဂိုဏ်းအုပ်သာသနာအတွင်းရှိ မဇော၊ သကန်ကျေးရွာများမှ မိခင်များ ပထမကြိမ် ဝတ်စောင့်ပွဲနှင့် မိခင်များအသင်း ပြန်လည်ဖွဲ့စည်းခြင်း အစည်းအဝေးကို မဇောအရှေ့ပျဉ်ချောင်ရွာတွင် အောက်တိုဘာလ ၁၃ ရက်နှင့် ၁၄ ရက်တို့က ပြုလုပ်ခဲ့သည်။

ထိုဝတ်စောင့်ပွဲနှင့် အစည်းအဝေးကို မဇော၊ သကန်ရွာ တာဝန်ခံဘုန်းတော် Fr. Peter Gyi မှ ဦးဆောင်ကျင်းပပြုလုပ်ပေးသည်။ မိခင်များအသင်း ဝတ်စောင့်ခြင်း၏ ဆောင်ပုဒ်မှာ " အကျင့်မပါသောယုံကြည်ခြင်းသည်အသေဖြစ်၏" (ယာကုပ် ၂း၁၇) ဖြစ်သည်။

"လွန်ခဲ့သော (၄)နှစ်မှာ တစ်ခါဖွဲ့စည်းခဲ့ဖူးတယ်။ ဒီတစ်ခါကျတော့ ပိုပြီးစနစ်ကျတဲ့ မိခင်အဖွဲ့အစည်းဖြစ်အောင် ပြန်လည်ဖွဲ့စည်းခြင်းဖြစ်တယ်။ မိခင်တွေရဲ့အရေးပါမှုကို တန်ဖိုးထားတဲ့သဘော၊ မိခင်တွေကို သာသနာမှုတော်ထဲမှာ နေရာပေးတဲ့သဘော၊ သူတို့ရဲ့ပါဝင်မှုတွေဟာ အရေးကြီးတယ်ဆိုတဲ့သဘောများ သိရှိရန် ဖြစ်ပါတယ်။ သာသနာတစ်ခုရဲ့ အင်အားက ဒီအသင်းအဖွဲ့တွေ ဖြစ်ပါတယ်။ အသင်းအဖွဲ့အင်အားကောင်းမယ်ဆိုရင် သာသနာရဲ့အင်အားကောင်းခြင်းပဲ ဖြစ်တယ်။ ဒါကြောင့် မဇော၊ သကန်မှာ ခိုင်မာသောမိခင်များအသင်းဖြစ်ဖို့ ဖွဲ့စည်းပေးခြင်းဖြစ်ပါတယ်" ဟု ဖာသာရ်ပီတယ်ကြီးကပြောသည်။

မိခင်အသင်း ဝတ်စောင့်ခြင်းကို ဖာသာရ်ဖိလစ်ရွှေနှင့် ဖာသာရ်ဩဂုတ်စတင်းရွှေ တို့လာရောက် ဝိညာဉ်ခွန်အားပေးပေးခဲ့သည်။ မိခင်များ၏ သားသမီးအပေါ်တွင် ထားရှိသော မေတ္တာစိတ်သည် အရေးပါ မြင့်မြတ်ကြောင်း အသင်းတော်မှာမိခင်ဘာသာဝင် လူဝတ်ကြောင်များ၏ အရေးပါမှု၊ (being Christian and full time Christian) ခရစ်ယာန်ဖြစ်ခြင်းနှင့် အချိန်ပြည့်ခရစ်ယာန်ဖြစ်ခြင်း အကြောင်းအရာများကို ဝေငှပေးခဲ့ကြသည်။ ဝတ်စောင့်ပွဲနှင့် အစည်းအဝေးပွဲတွင် မိခင်များ စုစုပေါင်း (၉၆) ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

OSC-MLM

စာမျက်နှာ ၈ မှ အဆက်

ဆိုတော့ တစ်ယောက်နှင့်တစ်ယောက် ကိုယ်ရဲ့အတွေ့အကြုံတွေ ဖလှယ်ကြတယ်၊ ဝေငှကြတယ်။ ကိုယ်ရဲ့အားနည်းချက်အားသာချက်တွေကိုပိုပြီး ပြန်မြင်တွေ့လာတယ်။ ဘယ်လိုမျိုးသာသနာ့ အမှုတော်ကို ဘယ်လိုဆက်လုပ်မလဲဆိုတာကိုလဲ ဒီလာရောက်ပို့ချပေးတဲ့ ဘုန်းတော်ကြီးစီကလည်း နည်းလမ်းတွေ၊ ခေတ်အခြေအနေတွေကိုလည်းပိုပြီးသိလာရတယ်။" ဟု ဝတ်စောင့်ပွဲတွင် ပါဝင်ခဲ့သော ဆရာဂေးလ်ဘက် စောဂျိုးဂျိုးက ပြောသည်။

ဝတ်စောင့်ခြင်းသည် ဝိညာဉ်ကာယ နှင့် စိတ်ဓာတ်ကို ပြန်လည်မြှင့်တင်ပေးခြင်းဖြစ်ကြောင်း ဓမ္မဆရာများ၏ ဝိညာဉ်တိုးတက်ရေး၊ တစ်ဦးနှင့် တစ်ဦး ချစ်ခင်ရင်းနှီးစေရေးနှင့် သာသနာ့အမှုတော်ဆောင်ရာတွင် စိတ်ထန်သက်မှုရှိရန် ခေတ်နှင့်အညီ အသိပညာ ဗဟုသုတ တိုးတက်ရေးအတွက် ယခုကဲ့သို့ ဝတ်စောင့်ရင်း မွမ်းမံသင်တန်းပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း ဝတ်စောင့်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ တာဝန်ခံဘုန်းတော်ကြီး ဟင်နရီက ပြောသည်။ ထို(၄) ရက်တာ ဝတ်စောင့်ပွဲတွင် ဆရာစောဖိုးဂျွန်၏ ဓမ္မဆရာအမှုတော်ဆောင် (၂၅) ပြည့် ငွေစင်ဂျူဘီလီကိုလည်း စုပေါင်းကျင်းပခဲ့ကြသည်။

(OSC-MLM)

# ပုသိမ်သာသနာမှ ရဟန်းတော်များ နှစ်ပတ်လည် ဝတ်စောင့်ပွဲ



ပုသိမ်ဂိုဏ်းအုပ်သာသနာ ရဟန်းတော်များ၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည် ဝတ်စောင့်ပွဲကို ပုသိမ်မြို့ စိန့်ပီတာ ကယ်သီဒြယ်တွင် အောက်တိုဘာလ ၁ ရက်နေ့မှ ၅ ရက်နေ့ထိ ပြုလုပ်ခဲ့ပါသည်။

ဝတ်စောင့်ပွဲတွင် ပုသိမ်ဂိုဏ်းအုပ်သာသနာမှ သာသနာအသီးသီးတွင်၊ ဒေသအသီးသီးတွင် ဘုရားသခင် ၏ အမှုတော်ကို ထမ်းဆောင်နေကြသော ရဟန်းတော်များ စုစုပေါင်း အပါး ၈၀ ကျော် စုပေါင်းပါဝင်ခဲ့ကြသည်။ ယခုနှစ် ဝတ်စောင့်ပွဲ၏ ခေါင်းစဉ်မှာ" Transfiguration " ဖြစ်ပြီး ရဟန်းတော်များ၏ ဝိညာဉ်အားဆေးအဖြစ် ဟောပြောပို့ချပေးသူမှာ Fr. Sony Varghese from India ဖြစ်ပါသည်။

ဤ ၅ ရက်တာ ဝတ်စောင့်ခြင်း အချိန်တွင် ရဟန်းတော်များသည် ဘုရားသခင်နှင့် ပေါင်းစပ်ကြပြီး အတူတကွ စိပ်ပုတီးစိပ်ခြင်း၊ ကိုယ်တော်မြတ်ဖူးမျော်ခြင်း၊ မနက်မေတ္တာများ ရွတ်ဖတ်ခြင်းတို့ကိုဆိတ်ငြိမ်စွာဖြင့် ပြုလုပ်ခဲ့ပါသည်။ ဝတ်စောင့်ခြင်းသည် ရဟန်းတော်များ၏ မရှိမဖြစ် လိုအပ်သောအရာဖြစ်ပါသည်။ ဝတ်စောင့်ခြင်းဖြင့် ဘုရားသခင်နှင့် စကားပြောခြင်း၊ ဘုရားသခင်ထံ ပြန်လာခြင်း၊ အနာဂတ်တွင် ထမ်းဆောင်ရမည့် ဘုရားသခင် ၏ အမှုတော်ကို ထမ်းဆောင်နိုင်ရန် ဝိညာဉ်ခွန်အား၊ ကာယခွန်အားများ ရရှိကြပါသည်။

Pathein OSC

# သက်ကြီးသီလရှင်များ နှစ်ပတ်လည်ဝတ်စောင့်

ပုသိမ်ကက်သလစ်သာသနာ၊ ပုသိမ်ဂိုဏ်းအုပ်ဆရာတော် အပိုင် ပုသိမ်မြို့၊ မင်းကြီးလမ်းရှိအဖွားဆောင်သက်ကြီးသီလရှင်များ နှစ်ပတ်လည်ဝတ်စောင့်ခြင်းကို ၂၀၁၈ အောက်တိုဘာ (၅)ရက် မှ (၈)ရက် အထိ အဖွားဆောင်ရှိ ဘုရားကျောင်းတွင် ကျင်းပပြုလုပ်ပါသည်။ ၂၀၁၈ အောက်တိုဘာ (၅)ရက်နေ့ ညနေ (၅)နာရီတွင် ဘုန်းတော်ကြီး Paul မှမစ္ဆား တရား တော်မြတ်ပူဇော်ခြင်းဖြင့် ဝတ်စောင့်ပွဲကို စတင်ခဲ့ပါသည်။၂၀၁၈အောက်တိုဘာလ(၆) နေ့ နံနက်(၆)နာရီ မစ္ဆားအပြီးတွင် ဘုန်းတော်ကြီး Pual မှ ဩဝါဒမြွက်ကြားပေးပါသည်။၂၀၁၈အောက်တိုဘာလ (၈)ရက် နေ့ ညနေ (၅) နာရီတွင် ကိုယ်တော်မြတ်မြှောက်ခြင်း၊ သဒ္ဒါကြည်ညိုခြင်းဖြင့် ဝတ်စောင့်ခြင်းကို အဆုံးသတ်ခဲ့ကြပါသည်။

နန့်ဂျူလိုင်အေး ( ပုသိမ် )



# မယ်တော် တမန်တော် (၆) လပတ် အစည်းအဝေး



ပုသိမ်ဆရာတော်အပိုင် မာရီးယားတမန်တော်. ဖုံ(၃)ဖုံ မှ (၆) လပတ်ကော်မီစီအုမ်းအစည်းအဝေးကို၂၀၁၈အောက်တိုဘာလ (၁၄) ရက်နေ့ တွင် -ပုသိမ်- စိန့် ပီတယ်ကာသီဒြယ်ရှိ Diocese သာသနာ့ခန်းမဆောင်တွင် ကျင်းပခဲ့ပါသည်။ ယင်းနေ့ နံနက်(၇)နာရီ မစ္ဆားတရားတော်မြတ်တွင် ဘုန်းတော်ကြီး(၃)ပါးတို့ မှ ပူဇော်ပေးပါသည်။ ဆက်လက်၍ Father အောင်ကျော်ဦးမှ ဩဝါဒ မြွက်ကြားပေးခဲ့သည်။ မစ္ဆားတရားအပြီး နံနက်(၉)နာရီတွင် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ၊ တက်ရောက်လာကြသော ကိုယ်စားလှယ်များမှ မိမိတို့ ဖုံ၏ ဆောင်ရွက်မှုလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးသွားပါသည်။ အဆိုပါ အစည်းအဝေးသို့ ရန်ကုန်မှ တာဝန်ခံဘရာသာရ် (၁)ပါး၊ ဖုံ (၃)ဖုံမှ ကိုယ်စားလှယ်များ စုစုပေါင်း (၆၀) ဦး တက်ရောက်ခဲ့ကြပါသည်။ နန့်ဂျူလိုင်အေး(ပုသိမ်)

# စိန့်ဗင်းဆင်းဒီပေါလ်ပွဲနေ့ကျင်းပ



ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင် ပုသိမ်မြို့ စိန့်ပီတာကာသီဒြယ်တွင် ၂၇.၉.၂၀၁၈ နေ့၌ စိန့်ဗင်းဆင်းဒီပေါလ်ပွဲနေ့ကို ကျင်းပပါသည်။ ထိုနေ့နံနက် (၆)နာရီ မစ္ဆားတရားတော်မြတ်တွင် ဘုန်းတော်ကြီး Charles နှင့် ဘုန်းတော်ကြီးဖရန်စစ်တို့မှ ပွဲနေ့အတွက်မစ္ဆားတရားပူဇော်ပေးပါသည်။ ထို့ပြင် ရဟန္တာစိန့်ဗင်းဆင်း၏ အထုပ္ပတ္တိကိုလည်း ဝေမျှပေးပါသည်။ ဆက်လက်၍ အသင်းသား၊ အသင်းသူများမှ ကျမ်းစာဖတ်ရှုခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပူဇော်ဆက်ကပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ မစ္ဆားအပြီးတွင် ဘာသာဝင်များအား ပေါင်မုန့်များဝေငှပေးပါသည်။ ထို့နောက် မကျန်းမာသော လူမမာများထံသွားရောက်၍ ဆုတောင်းပေးခြင်း၊ ဆေးထိုးကူညီထောက်ပံ့ပေးခဲ့ပါသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)

# တောင်ကြီးကက်သလစ် ဂိုဏ်းချုပ်သာသနာ၏ (၅)နှစ်တာ စီမံကိန်းရေးဆွဲခြင်း





တောင်ကြီး ကက်သလစ် ဂိုဏ်းချုပ်သာသနာ၏ (၅)နှစ်တာ စီမံကိန်းရေးဆွဲခြင်း ညှိနှိုင်းဆွေးနွေးပွဲကို တောင်ကြီးမြို့ ကက်သလစ်ဓမ္မာရုံတွင် ယခုလ (အောက်တိုဘာလ) ၉ ရက်မှ ၁၁ ရက်အထိ ၃ ရက်တာ ရက်တာ ပြုလုပ်ကျင်းပခဲ့ပါသည်။

၅ နှစ်တာ စီမံကိန်းရေးဆွဲခြင်းတွင် (၁) ဘာသာပေါင်းစုံချစ်ကြည်ရေး၊ (၂) ပညာရေး၊ (၃) ဌါနေတိုင်းရင်းသားအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ (၄) အမျိုးသမီး စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် (၅) ဘက်စုံလူမှုဖွံ့ဖြိုးတိုးတက်ရေးဟူ၍ ကဏ္ဍကြီး (၅)ရပ်ဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

စီမံကိန်း ရေးဆွဲခြင်း အစည်းအဝေးတွင် ဂိုဏ်းချုပ်ဆရာတော်ကြီး ဘာဆီးလျိုအားသိုက်၊ ဆရာတော်ကြီး မာတီးယာဦးရွှေ(ငြိမ်း) အပြင်၊ ရဟန်းတော်များ၊ သီလရှင်များ အပါအဝင် တိုက်နယ်အသီးသီးမှ ကိုယ်စားလှယ်တော်များ စုစုပေါင်း (၇၂) ဦးပါဝင်ဆွေးနွေးခဲ့ကြပါသည်။

ဤကဲ့သို့ (၅)နှစ်တာ စီမံကိန်းအား အောင်မြင်စွာ ရေးဆွဲနိုင်ရန် နှင့် ညှိနှိုင်းစည်းဝေးပွဲ အစီအစဉ်များအဆင်ပြေချော့မွေ့ရေး အတွက် တိုက်နယ်အသီးသီးမှကိုယ်သားလှယ်တော်များ နှင့် TGI - KMSS ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

(OSC - TGI)

# ဖယ်ခုံတိုက်နယ် ကက်သလစ်လုပ်ငန်းအသင်း နှစ်ပတ်လည်ဝတ်စောင့်ခြင်းနှင့် အစည်းအဝေး

ဖယ်ခုံတိုက်နယ်လုံးဆိုင်ရာ ကက်သလစ်လုပ်ငန်း(ဖခင်)အသင်းမှ (၅၄) ကြိမ်မြောက် နှစ်ပတ်လည် ဝတ်စောင့်ခြင်းနှင့် အစည်းအဝေးတစ်ရပ်ကို ဖယ်ခုံတိုက်နယ်ဓမ္မာရုံ၌ အောက်တိုဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ ၃ ကျင်းပပြုလုပ်ခဲ့ပါ သည်။



ထိုဝတ်စောင့်ခြင်းနှင့် အစည်းအဝေးတွင် ရပ်ကွက်ကျေးရွာအလိုက် ဓမ္မတေးသီချင်းများ အဆိုပြိုင်ခြင်း၊ နေ့တစ်ပိုင်းဝတ်စောင့်ခြင်း အဖြစ် တစ်နာရီ ဝတ်ပြုခြင်း၊ ကမ္ဘဋ္ဌါန်း ထောက်ရှုခြင်းနှင့် ဘာသာရေးအသိပညာ ပို့ချဝေမျှခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထို ဝတ်စောင့်ခြင်းနှင့် အစည်းအဝေးတွင် Fr. Edward Nan မှ ဝတ်ပြုခြင်းဆိုင်ရာ၊ Fr.Robert မှ PIME သာသနာပြုအကြောင်း၊ Fr. Thomaso Chit Thar မှ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် Fr. Paquale Le မှ ဖခင်တာဝန် ဝတ္တရားများ စသည့် ခေါင်းစဉ် အသီးသီးဖြင့် လာရောက်ဝေမျှပို့ချခဲ့ပါသည်။

"ဒီဝတ်စောင့်ခြင်း လာတက်ရခြင်းဟာ ကြီးမားတဲ့ အခွင့်အရေးတစ်ခုဖြစ်ပါတယ်။ ညီအစ်ကိုတွေနဲ့အတူ ဆုတောင်းဝတ်စောင့်ရသည့် အတွက်လည်း များစွာဝမ်းသာမိတယ်။ ပြီးတော့ ဒီဝတ်စောင့်ခြင်းမှာ လာရောက်ဝေမျှသွားတဲ့ ဝတ်ပြုခြင်းဆိုင်ရာအကြောင်းက ကျွန်တော့်ကိုအများကြီးသတိပေးနိုးထမှုဖြစ်စေပါတယ်။ ဘုရားကျောင်းသာတက်ပြီး ဝတ်ပြုခြင်းဆိုင်ရာအကြောင်းတွေကို သတိမထားမိတဲ့ ကျွန်တော့်အတွက် ပြန်လည်အသက်ဝင်စေပါတယ်။ ပြီးတော့ ဒို့နယ်တွေအထိလာရောက်သာသနာပြုတဲ့ PIME ဘုန်းတော်ကြီးတွေရဲ့ ကိုယ်ကျိုးစွန့်အနစ်နာခံမှုနှင့် သူတို့ရဲ့ သာသနာပြုစိတ်ဓါတ်လည်း သိခွင့်ရတော့များစွာအားရပ်ကျေနပ်စေခဲ့ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ ဖခင်တစ်ဦးအနေဖြင့် မိသားစုမှာ ရပ်ကွက်မှာ တိုက်နယ်မှာ နိုင်ငံတော်တွေမှာ ပါဝင်နိုင်မဲ့အခွင့်အရေးများစွာရှိပြီး ငြိမ်းချမ်းရေး သယ်ဆောင်ရန်တာဝန်ရှိတဲ့ အကြောင်းလည်း သိရတယ်။ ပြီးတော့ ဖခင်တာဝန်ဝတ္တာရားတွေဆိုလည်း ကိုယ်သတိ မထားမိတဲ့ ကလေးအပေါ် ပုံသွင်းရမဲ့ စိတ်ဓါတ်၊ ဝိညာဉ်အသိတွေကိုလည်း ပိုသတိထားသိလာစေခဲ့တဲ့အတွက် များစွာပျော်ရွှင်မိပါတယ်" ဟု ဝတ်စောင့်ခြင်းနှင့် အစည်းအဝေးတွင် တောင်ကြီးသာသနာ နမ့်စန်မြို့မှ ပါဝင်တက်ရောက်သော ကက်သလစ်လုပ်ငန်း (ဖခင်)အသင်းသားတစ်ဦးဖြစ်သူဦးပေါလုရိန်မှ လို့ပြောကြားခဲ့ပါတယ်။

ဤ ဝတ်စောင့်ခြင်းနှင့် အစည်းအဝေးတွင် ဖယ်ခုံတိုက်နယ်အတွင်းရှိ ကက်သလစ်လုပ်ငန်း (ဖခင်)အသင်းများမှ အဖွဲ့ဝင် (၅၁၈)တက်ရောက်ခဲ့ပါသည်။

OSC-PEKHON

# ကက်သလစ် ဆရာ၊ ဆရာမများ ဝတ်စောင့်



ပုသိမ်ဂိုဏ်းအုပ်ဆရာတော်အပိုင် ပုသိမ်မြို့စိန့်ပီတယ် ကာသီဒြယ်တွင်၂၀၁၈ အောက်တိုဘာလ (၁၄)ရက် နေ့တွင် ကက်သလစ်ဘာသာဝင် ဆရာ၊ ဆရာမများ ဝတ်စောင့်ခဲ့ကြပါသည်။ ထိုနေ့ နံနက် မစ္ဆားတရား အပြီးတွင်(၉)နာရီတွင် ဝတ်စောင့်ခြင်းကို ဘုန်းတော်ကြီး ဖရန်စစ်မှ အဖွင့်ဆုတောင်းမေတ္တာဖြင့် စတင်ပေးခဲ့ပါသည်။ ဆက်လက်ပြီး ဘုန်းတော်ကြီးမှ ဩဝါဒ မြွက်ကြားပေးပါသည်။ ဒုတိယပိုင်းအစီအစဉ်၌ ကျောင်းထိုင် မွန်ဆီညော်ဝီးဖရက် မြင့်စိုးမှ ဩဝါဒမြွက်ကြားပေးပါသည်။ ထို့ပြင်စုပေါင်း၍စိပ်ပုတီးစိပ်ခြင်းနှင့် မယ်တော်အား သဒ္ဒါကြည်ညိုဖွယ် ဓမ္မတေးသီချင်းကို ကျေးသီဆိုကြလျှက်ဘုန်းတော်ကြီး၏ ကောင်းချီးတော်ကို ခံယူကြပြီး ဝတ်စောင့်ခြင်းကို အဆုံးသတ်ခဲ့ကြပါသည်။ အဆိုပါဝတ်စောင့်ခြင်းသို့ ဆရာ၊ဆရာမ (၂၅)ဦး တက်ရောက်ခဲ့ကြပါသည်။

နန့် ဂျူလိုင်အေး (ပုသိမ်)

# ၁၅ ကြိမ်မြောက် ဆရာတော်ကြီးများညီလာခံ

"လူငယ်များ၊ ယုံကြည်ခြင်းနှင့် ခေါ်တော်မူခြင်း ဆန်းစစ်ခြင်း" ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၃ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်ခဲ့သော ၁၅ ကြိမ်မြောက်ဆရာတော်ကြီးများ ညီလာခံသည် ကြိုတင်ပြင်ဆင်မှု များစွာဖြင့် ပြုလုပ်ခဲ့ပြီး ကျေနပ်သော ရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။





ညီလာခံ အဖွင့် မစ္ဆားတရားတော်မြတ်ကို စိန်ပီတာ ရင်ပြင်တွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကိုယ်တိုင် ဦး ဆောင်ပူဇော်ပေးခဲ့ပြီး ညီလာခံ ကိုယ်စားလှယ်များနှင့်အတူ လူထု ပရိသတ်များစွာ တက်ရောက် နာယူခဲ့ကြသည်။



ထူးခြားချက်မှာ တရုတ်ပြည်မှ ဆရာတော်ကြီး နှစ်ပါး ညီလာခံသို့ တက်ရောက်လာကြခြင်းဖြစ်သည်။ ဤသူနှစ်ပါးလာရောက်ကြောင်း ကြေငြာချိန်တွင် ပုပ်ရဟန်းမင်းကြီး မျက်ရည်ကျခဲ့သည်။ ဆရာတော်ကြီး နှစ်ပါးသည် ညီလာခံ အဆုံးထိ မနေကြဘဲ နှစ်ပတ်တာ ပြီးသောအခါ ပြန်လည် ထွက်ခွါသွားခဲ့ကြသည်။



ညီလာခံအဖွင့်ဆုတောင်းခြင်းကို ရဟန်းမင်းကြီးမှ ဦးဆောင်ခဲ့သည်။ ညီလာခံတွင် နိုင်ငံတိုင်းမှ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ ရွေးချယ်သော ကိုယ်စားလှယ် ဆရာတော်ကြီးများ၊ ပုပ်ရဟန်းမင်းကြီးမှ သီးခြား ဖိတ်ကြားသော ဆရာတော် ၁၀ ပါးနှင့် ကာဒီနယ် ၁၄ ပါး၊ စုစုပေါင်း ၂၅၀ ခန့် နှင့် လူငယ် ၃၅ ဦး ပါဝင်သည်။



ဆရာတော်ကြီးများ၏ ညီလာခံဖြစ်သော်လည်း ထူးခြားဖြစ်စဉ်တစ်ရပ်အဖြစ် လူငယ် ၃၅ ဦးခန့်တို့အား လေ့လာသူများအဖြစ် ညီလာခံတွင် ပါဝင်တက်ရောက်စေခဲ့သည်။ အောက်တိုဘာ ၂၇ ရက်နေ့တွင် လူငယ်များက ပုပ်ရဟန်းမင်းကြီးအား ကျေးဇူးတင်စာ တစ်စောင်ရေးသားခဲ့ကြသည်။ လူငယ်များထဲတွင် ကက်သလစ်ဘာသာဝင် မဟုတ်သူများလည်း ပါဝင်သည်။



မြန်မာပြည်၏ ပထမဦးဆုံး ရဟန်းအမတ်ဖြစ်သော ကာဒီနယ် ချားလ်စ်ဘိုသည်လည်း အခြား ကာဒီနယ် သုံးပါးနှင့်အတူ ညီလာခံ၏ သဘာပတိ အဖွဲ့ဝင်အဖြစ်ခန့်အပ်ခြင်းခံရသည်။ ကာဒီနယ်က လူငယ်များသည် အသုံးမကျသူများ (useless) မဟုတ် အသုံးချမခံရသူများ (used less) ဖြစ်ကြသည်ဟု ညီလာခံ သတင်းထုတ်ပြန်ရေး ကဏ္ဍတစ်ခုတွင် ပြောကြား ခဲ့သည်။

၁၅ ကြိမ်မြောက် ဆရာတော်ကြီးများ ညီလာခံက လူငယ်များထံ သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။ ထိုသဝဏ်လွှာကို ညီလာခံ အပိတ်မစ္ဆားတွင် ဖတ်ကြားခဲ့သည်။ ထိုသဝဏ်လွှာတွင် အသင်းတော်အနေနှင့် လူငယ်များ အသံကို ကြားပြီး လူငယ်များနှင့် အတူ ခရီးဆက်ရန် အသင့်ရှိကြောင်း၊ လူငယ်တို့၏ စိတ်ဖွဲ့ထက်သန်မှုဖြင့် ပိုမိုတောက်ပြောင်သော အနာဂတ်ကို ဖန်တီးပေးကြရန် တောင်းဆိုပါကြောင်း ရေးသားထားသည်။





အောက်တိုဘာ ၂၈ ရက်နေ့တွင် ညီလာခံ အပိတ် မစ္ဆားပူဇော်ခြင်းကို စိန့်ပီတာ ဗိမာန်တော်ကြီးထဲ၌ ကျင်းပခဲ့သည်။ မစ္ဆားတရားတော်တွင် နားထောင်ခြင်း၊ အိမ်နီးချင်းကောင်းပီသစွာ နေထိုင်ခြင်းနှင့် သက်သေခံခြင်း လမ်းစဉ်သုံးခုကို ဩဝါဒတွင် မိန့်မှာခဲ့သည်။

မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ မြစ်ကြီးနားဂိုဏ်းအုပ်ဆရာတော် ဖရန်စစ် ဒေါ်တန်အား မြန်မာပြည် ကက်သလစ် အသင်းတော်ကိုယ်စား ညီလာခံတက်ရန် ရွေးချယ်ခန့်အပ်ခဲ့ကြသည်။ ဆရာတော်ကြီးသည်မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ် လူငယ်ကော်မရှင်၏ နာယကလည်း ဖြစ်သည်။

သဘာပတိ အဖွဲ့ဝင်ဖြစ်သော ကာဒီနယ် ချားလ်စ်ဘိုနှင့်အတူ ညီလာခံတွင် ပါဝင်တက်ရောက်နေရင်း မြန်မာပြည်ရှိ လူငယ်များအတွက် သတင်းစကား ပေးပို့ခဲ့ကြသည်။



ဗာတီကန်
၁၂ ရက် အောက်တိုဘာ ၂၀၁၈

ချစ်ခင်လေးစားရပါသော မြန်မာပြည်မှ လူငယ်မောင်မယ် သားသမီးအပေါင်းတို့

၁၅ ကြိမ်မြောက် ကက်သလစ်ဆရာတော်ကြီးများရဲ့ ညီလာခံ၌ ပါဝင်ရင်း ရောမမြို့ ဗာတီကန်မှ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ယခု ကျင်းပနေတဲ့ ညီလာခံဟာ "လူငယ်များရဲ့ ဘဝအသက်တာ" နဲ့ သက်ဆိုင်တဲ့ အကြောင်းအရာများကို ဆွေးနွေးနေကြတာ ဖြစ်ပါတယ်။ နိုင်ငံတကာမှ ကိုယ်စား လှယ်တော်များ ပါဝင်တက်ရောက် ကြပါတယ်။ ထူးခြားချက်ကတော့ ကျွန်ုပ်တို့ရဲ့ အိမ်နီးချင်း တရုတ်နိုင်ငံမှ ဆရာတော်နှစ်ပါး ဒီလိုညီလာခံမျိုးမှာ ပထမဦးဆုံးအနေနဲ့ ပါဝင် တက်ရောက်ကြခြင်း ဖြစ်ပါတယ်။

ယခုအချိန်မှာ ညီလာခံဟာ ထက်ဝက်နီးပါး ပြုလုပ်ပြီးပါပြီ။ ညီလာခံမှာ ပါဝင်သူအားလုံး ဝမ်းသာကြတယ်၊ အားရကြတယ်။ ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ် နှင့်အတူ ကာဒီနယ်ကြီးများ၊ ဆရာတော်ကြီးများ၊ ဘုန်းတော် ကြီးနဲ့ သူတော်စင်များ၊ လူငယ်များ အားလုံးကိုယ်စီ ပြောနေကြတာက ဒီညီလာခံဟာ တမူ ထူးတယ်၊ ကက်သလစ် အသင်းတော်ထဲက လူငယ်များသာမက ဘာသာမရွေး လူမျိုးမရွေး လူငယ်တိုင်းအတွက် အမှန်တကယ် အကျိုးရှိတယ်၊ လူငယ်များကို အမှန်တကယ် ပြောင်းလဲ ပေး နိုင်စွမ်းမယ့် ညီလာခံ တစ်ခု ဖြစ်တယ်လို့ မှတ်ယူကြတယ်။ လူငယ်များအတွက် သင့်တော်သော ရလဒ်ကောင်းများ ရရှိစေဖို့ ဆက်လက်ဆုတောင်းပေးကြဖို့ သတိ ပေးလိုက်ပါရစေ။

ကျွန်ုပ်တို့ကိုယ်တိုင်ခံစားရတဲ့ အချက်ကတော့ အသင်းတော်အနေနဲ့၊ နိုင်ငံတော် အနေနဲ့၊ လူကြီးမိဘများ အနေနဲ့ လူငယ်များကို အရေးပေးသင့်သလောက် မပေးကြ ဘူး လို့ ခံစားမိတယ်။

မဟာတ္တမဂန္ဓီ ပြောခဲ့သလို -

- လူငယ်များဟာ အသုံးမကျတာ မဟုတ်ဘူး
  လူငယ်များကို အသုံးမပြုကြတာ။
- လူငယ်များဟာ မစဉ်းစားတတ်သူများ မဟုတ်ဘူး
  လူငယ်များ စဉ်းစားတာကို နားလည်မပေးတာ
- လူငယ်များဟာ တော်လှန် ဆန့်ကျင်သူများမဟုတ်ဘူး
  လူငယ်များဟာ အနာဂတ်ရဲ့ ပရောဖက်တွေ ဖြစ်နေတာ

မြန်မာပြည်လူငယ်များအတွက် တိုးတက်လမ်းများစွာ ကျွန်ုပ်တို့မြင်ပါတယ်။ ဘာသာ ရေးခေါင်းဆောင်များ၊ အစိုးရမင်းများ၊ လူကြီးမိဘများ၊ လူငယ်များအားလုံးသောတိုင်းသူပြည်သားများအားကိုးအားထားပြုနိုင်သည့် ပြန်လည်သင့်မြတ်သော နိုင်ငံ၊ စစ်မက်ကင်းပြီး ငြိမ်းချမ်းသော နိုင်ငံ၊ ဘက်စုံတိုးတက်ဖွံ့ဖြိုး မေတ္တာတရားလွှမ်းမိုးသော မြန်မာနိုင်ငံ ဖြစ်လာပါစေကြောင်း ဆန္ဒပြု ဆုတောင်းရင်း ...

ဆရာတော် ဖရန်စစ် ဒေါ်တန်　　　　ကာဒီနယ် ချားလ်စ်ဘို







# ပြည်သာသနာမှ ရဟန်းတော်များ နှစ်ပတ်လည် ဝတ်စောင့်ပွဲ



ပြည်သာသနာဂိုဏ်းအုပ် ဆရာတော်ကြီးနှင့်တကွ ရဟန်းတော်များ စုစုပေါင်း၂၄ပါးတို့သည် စက်တင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်မြို့မှ ဝတ်စောင့်ပွဲပြုလုပ်ရန် သတ်မှတ်ထားသော လွိုင်ကော်သာသနာ ဒေါင်ံခါးတိုက်နယ်ရှိ Reparation သီလရှင်ဂိုဏ်း၏ Fr. Carlo Salerio Centre သို့ ထွက်ခွာခဲ့ကြသည်။

ပြည်ဆရာတော်ကြီးနှင့် ဘုန်းတော်ကြီးများသည် ဝတ်စောင့်ပွဲပြုလုပ်မည့် နေရာသို့ စက်တင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကြပြီး ထိုနေ့တွင် လွိုင်ကော်သာသနာမှ ရဟန်းတော်များ၊ သာသနာ့အကျိုးတော်ဆောင်များနှင့် မိတ်သဟာရဖွဲ့၍ ချစ်ခင်ရင်းနှီးစွာ အားကစားပွဲများ ကျင်းပခဲ့ကြသည်။ ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနားနှင့် အတူ လွိုင်ကော်သောသနာ့အကျိုးတော်ဆောင်များမှ ကယားရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ငင်းညနေ ၈ နာရီတွင် ပြည်ဂိုဏ်းအုပ်သာသနာ ရဟန်းတော်များ၏ နှစ်ပတ်လည် ဝတ်စောင့်ပွဲကို စတင်ခဲ့ကြပြီး ရန်ကုန်ဂိုဏ်းချုပ်သာသနာ လက်ထောက်ဆရာတော်ဂျွန်စောယောဟန်မှ အဖွင့်ဩဝါဒမြွက်ကြားပေးခဲ့သည်။

ပြည်သာသနာရဟန်းတော်များ၏ ဝတ်စောင့်ပွဲသည် စက်တင်ဘာလ ၂၅ ရက် ညပိုင်းမှ ၂၉ ရက်နေ့ အထိ ၅ ရက်တာကြာမြင့်ခဲ့ပြီး အဖဆရာတော်များ၏ ဆုံးမလမ်းညွှန်ဩဝါဒများ၊ ဝိညာဉ်ရေးရာ အားဖြည့်မှုများ၊ ဆုတောင်းပဌာနာများဖြင့်ရဟန်းဘဝအသက်တာကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ခဲ့ကြသည်။

ဝတ်စောင့်ပွဲပြီးဆုံးသွားသည့်ညတွင်မူ လွိုင်ကော်သာသနာ ဒီမောဆို ကိုးပင်းမိသားစုမှ မိုးသည်းထန်သည့်ကြားကပင် ဖွယ်ဖွယ်ရာရာဧည့်ခံကျွေးမွေးခဲ့သည်။ စက်တင်ဘာလ ၃၀ရက်နေ့တွင် နံနက်ပိုင်းတွင် ဂေါက်ရိုက်ခြင်း၊ လွိုင်ကော်မြို့၏ အထင်ကရနေရများသို့ သွားရောက်လည်ပတ်ခြင်းနှင့် ဒေသခံရဟန်းတော်များနှင့် ဘာသာဝင်များမှ တည်ခင်းဧည့်ခံသော ရိုးရာခေါင်ရည်နှင့် အစားစားများ သုံးဆောင်ခဲ့ကြသည်။

ပြည်သာသနာ ရဟန်းတော်များ၏ နှစ်ပတ်လည် ဝတ်စောင့်ပွဲကို ကျေးဇူးတော်ကြောင့် ကောင်းမွန်စွာ ပြုလုပ်နိုင်ခဲ့ပြီး ပြည်သာသနာသို့ ပြန်လည်ထွက်ခွာခဲ့ကြရာ စက်တင်ဘာလ ၁ ရက်နေ့ နေလည်ပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြပါသည်။ ပြည်ဂိုဏ်းအုပ်ဆရာတော် အလက်ဇန္ဒြားဦးပြုံးချို သည် ရဟန်းမင်းကြီးပေးအပ်သော အလှူငွေများကို ကာဒီနယ်ကိုယ်စား စစ်တွေမြို့တွင် အစိုးရဌာန လူကြီးမင်းများထံ သွားရောက်ပေးအပ်ရသဖြင့် ဝတ်စောင့်ပွဲကို (၂) ရက်တာသာ ပါဝင်နိုင်ခဲ့ပါသည်။

ဝတ်စောင့်ပွဲအတွက် နွေးထွေးပြုဂုစွာဖိတ်ခေါ်ခဲ့ပြီး ဝတ်စောင့်ပွဲတွင်လည်း လိုအပ်သည့်အရာများ အစစအရာရာ ပံ့ပိုးပေးခဲ့သော ဖယ်ခုံသာသနာ ဆရာတော်ကြီးနှင့် ရဟန်းတော်များ၊ ဘာသာဝင်များကို ကျေးဇူးအထူးတင်ရှိပါသည်။

Pyay-OSC

# ပြည်ကက်သလစ်သာသာနာ ဆီဖန်ဆင်းခြင်းမွှာနှင့် ဆရာတော်ဘုရားထံ ရဟန်တော်များမှ ကတိ သစ္စာပြန်လည်မွမ်းမံခြင်း

ပြည်ဂိုဏ်းအုပ်သာသနာ စိန်ပေါလ်ကာသီဒြယ်ဘုရားကျော်တော်ကြီး၌ အောက်တိုဘာလ (၇)ရက် တနင်္ဂနွေ နံနက်၈နာရီ တွင် ဆီဖန်ဆင်းခြင်းမွှာနှင့် ဂိုဏ်းအုပ်ဆရာတော်ထံ ရဟန်တော်များမှ ကတိသစ္စာ ပြန်လည်မွမ်းမံခြင်း အခမ်းအနား ပြုလုပ်ကျင်းပခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ဂိုဏ်းအုပ်သာသနာတစ်ခုလုံးမှ ရဟန်းတော်များ ပါဝင်ခဲ့ကြပြီး မွှာတရားတော်မြတ်ကို ဘာသာဝင်များနှင့်အတူ ပူဇော်ခဲ့ကြသည်။

ထို့အတူ ပြည်သာသနာ နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သည့် ပြည်သာသနာအား မှိုင်းမတော်မူသောလာဆလက်မယ်တော်သခင်မပွဲတော်ကြီးအား ပြီးခဲ့သည့် စက်တင်ဘာ ၂၃ရက်တနင်္ဂနွေနေ့နံနက်၈နာရီတွင်ကျင်းပခဲ့ကြပါသည်။ မယ်တော်သခင်မပွဲတော်ကြီးတွင် ဆရာတော်နှင့် တကွ ရဟန်းတော် ၂၉ ပါး၊ ကိုရင် ၂၄ပါး၊ သီလရှင် အပါး ၂၀၀ ကျော်နှင့် ဘာသာဝင် ၆၀၀ ကျော်ခန့်ပါဝင်ခဲ့ကြပြီး ပွဲတော်ကို စည်းကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

Pyay-OSC





ဆုတောင်းခြင်းဟာ အသင်းတော်ကို တိုက်ခိုက်နေတဲ့ နတ်ဆိုးကို ခုခံဖို့ အကောင်းဆုံး လက်နက် ဖြစ်ပါတယ်

# ဗန်းမော်ဂိုဏ်းအုပ်သာသနာ နန့်လိုင် တိုက်နယ်တွင် တိုးချဲ့ဆောင် ကောင်းချီးပေးပွဲ နှင့် ဂျူဘီလီပွဲတော်များ ကျင်းပ



ဗန်းမော်ဂိုဏ်းအုပ်သာသနာ နန့်လိုင်ဘုန်းတော်ကြီးတိုက်နယ် စိန့်မိုက်ကယ်ဘုရားကျောင်းဝန်းအတွင်းရှိ စိန့်ဂါဗြီအဲလ် ဓမ္မာရုံတိုးချဲ့ဆောင် ကောင်းကြီးပေးခြင်း၊ နန့်လိုင်ဘုန်းတော်ကြီးပိုင် ခူးလီရွာမှ ဘုန်းတော်ကြီးပက် ထရစ်

ဇင်ဝါဘရန်ဒီး၏ ရဟန်း ဝါတော် (၂၅) နှစ်ပြည့် ငွေစင်ဂျူဘီလီ၊ နမ့်တိန်ရွာမှ ရှမ်းတိုင်းရင်းသူ စစ္စတာရဲ ဖလိဇဘက်အေကက် နှင့် စစ္စတာရဲ မရန် နန်ထန်တို့၏ ဝါတော် (၅၀) ပြည့် ရွှေစင်ဂျူဘီလီ စသည့် ပွဲတော်တော်လေးခု ကို အောက်တိုဘာလ ၁၆ ရက်က စုပေါင်း ကျင်းပခဲ့သည်။

အောက်တိုဘာလ ၁၆ ရက် နံနက်ပိုင်းတွင် တိုးချဲ့ ဆောင်အား ဆရာတော်ဘုရား ရေမွှန်ဆွမ်းလွှတ်ဂမ်မှ ကောင်းချီးပေးခြင်းဖြင့်စတင်ခဲ့ပြီး ပွဲတော်မစ္ဆားတရားတော် မြတ်ကို ဆက်လက်ပူဇော်ပေးခဲ့သည်။ မစ္ဆားတရားတော်မြတ်တွင် ဆရာတော်ကြီးက ပွဲနေ့တွင်ကျရောက်သော သိကြား တမန်တော်သုံးဦးအကြောင်းကို မိန့်ကြားခဲ့ပြီး ဂျူဘီလီ ရှင်များ အားလုံးကို ဂုဏ်ပြုချီးမွမ်းပါကြောင်း ဆက်လက် လျှောက်လှမ်းမည့် ဘဝတစ်သက်တာတွင် ဘုရားသခင် ကောင်းချီးပေးပါစေကြောင်း ဆုမွန်ကောင်းတောင်းကာ ဩဝါဒမြွက်ကြားခဲ့ပါသည်။

ဂုဏ်ပြုပွဲအခမ်းအနားတွင် ငွေစင်ဂျူဘီလီရှင်ဖာသာရ်က ယခုကဲ့သို့ဂျူဘီလီပွဲ ကျင်းပပေးခြင်းအတွက် ဘာသာတူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး ရွှေစင်ဂျူဘီလီရှင် စစ္စတာရဲ တစ်ပါးမှလည်း ကျေးဇူးတင်စကားနှင့်အတူ မိမိတို့ဘဝတွင်ဖြတ်သန်းခဲ့ရသော မေ့မရနိုင်သည့် သာသနာအမှုတော်ဆောင်အတွေ့အကြုံများကို ဝေငှခဲ့ပါသည်။ ပွဲသို့ ဘာသာတူများ ၁၀၀၀ကျော်ခန့် တက်ရောက်ခဲ့ကြပြီး ရှမ်းရိုးရာအက ပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ပန်စွန် OSC-BANMAW

# ဗန်းမော်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ ဓမ္မဆရာ/ဆရာမများ၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည် ဝတ်စောင့်ခြင်းနှင့် အစည်းအဝေးကျင်းပခြင်း

ဗန်းမော်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ ဓမ္မဆရာ/ဆရာမများ၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည်ဝတ်စောင့်ခြင်းနှင့် အစည်းအဝေးပွဲများကို အောက်တိုဘာလ (၈)ရက်မှ (၁၃)ရက်နေ့အထိ နန့်လိုင်ဘုန်းတော်ကြီးတိုက်နယ် စိန့်မိုက်ကယ် ဘုရားရှိခိုးကျောင်းတွင် ပြုလုပ်ခဲ့ပါသည်။

၂ ရက်တာ ဝတ်စောင့်ခြင်းကို မြစ်ကြီးနား ဂိုဏ်းအုပ်သာသနာမှ ဘုန်းတော်ကြီးဗီတာဇန်ယော့ဖုန်က တာဝန်ယူဦးဆောင်ခဲ့ပြီး တရားနာခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာထောက်ရှုခြင်းများကို အဓိက ကျင့်ကြံခဲ့ကြသည်။ တတိယနေ့တွင် ကျမ်းစာထောက်ရှုခြင်းသင်တန်း (AsIPA) ကို ဖာသာရ်ဘော့စကိုမှန်းဆောင်က ပို့ချ ပေးခဲ့သည်။ စတုတ္ထနေ့တွင် သာသနာနယ်အသီးသီးမှ ဓမ္မဆရာ/မများ၏ တစ်နှစ်တာဆောင်ရွက်ချက်များကို စီရင်ခံသင်ပြခဲ့ကြပြီး ဗန်းမော်ဂိုဏ်းအုပ်ဆရာတော်ကြီးမှ လမ်းညွှန်ဩဝါဒ စကားမှာကြားခဲ့သည်။

"ဓမ္မဆရာဆိုတာ ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် ဘာသာတူများကြား ဆက်သွယ်ပေးတဲ့ တံတားဖြစ်ပါတယ်။ တံတားဆိုတာ ချိုင့်ဝှမ်းတွေ ချောင်းတွေကို ဖြတ်ကူးဖို့ရန်သာလျှင် တည်ဆောက်ထားလေ့ရှိပါတယ်။ ဒါကြောင့် ဒီတံတားကောင်းမယ်ဆိုရင် ဖြတ်သန်းလာတဲ့သူတွေကို တံတားကျိုးကျခြင်းနှင့်အတူ အောက်သို့ရောက်သွားစေမှာပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီတံတားဟာ ကောင်းမွန်တဲ့တံတားဖြစ်ဖို့အလွန်အင်မတန်မှ လိုအပ်လှပါတယ်" ဓမ္မဆရာ/ဆရာမများသည် ဘာသာဝင်များအတွက် အားကိုးရာများဖြစ်ကြောင်း ဆရာတော်ကြီးက ပြောကြားခဲ့သည်။



"ဓမ္မဆရာတွေ ဆိုတာ မိမိ၏ယုံကြည်ခြင်း၊ ဂုဏ်သိက္ခာကို သိမှတ်ကာ ဘာသာတူများကို ဦးဆောင်မှု အပိုင်းနှင့်အတူ အတတ်နိုင်ဆုံး ကူညီဖေးမနိုင်ဖို့ရာ လိုအပ်တာဖြစ်တဲ့အတွက် ဒီဓမ္မဆရာ/ မတွေ စိတ်ဓာတ်ခွန်အား၊ ဝိညာဉ်ခွန်အား၊ အသိပညာဗဟုသုတ ပို၍ တိုးပွားလာစေဖို့ ရည်ရွယ်ပြီးတော့ ဒီလိုနှစ်ပတ်လည်အစည်းအဝေးနှင့် ဝတ်စောင့်ခြင်းကို ပြုလုပ်ရခြင်းဖြစ်ပါတယ်" ဝတ်စောင့်ခြင်းနှင့် အစည်းအဝေးပွဲပြုလုပ်ခြင်းများနှင့် ပတ်သက်ပြီး ဗန်းမော်သာသနာလုံးဆိုင်ရာ ဓမ္မဆရာ/မများ၏ တာဝန်ခံဘုန်းတော်ကြီး ဂျွန်ဂျန်မာယုံဝါက ပြောသည်။

နှစ်ပတ်လည်ဝတ်စောင့်ခြင်း အစည်းအဝေးသို့ ဗန်းမော်သာသနာတစ်ခုလုံးမှ ဓမ္မဆရာ/မများ စုစုပေါင်း(၂၀၄) ဦး တက်ရောက်ခဲ့ကြောင်းနှင့် ၎င်းတို့ထဲတွင် ယခုနှစ် ဓမ္မဆရာကောလိပ်ကျောင်းမှ ကျောင်းဆင်းများလည်း ပါဝင်ခဲ့ကြောင်း ဖာသာရ်ယုံဝါ၏ ပြောပြချက်အရ သိရသည်။

ဦးနော်အောင် (OSC-Banmaw)

စာမျက်နှာ ၁၉ မှ အဆက်

ကာလ (၃) ရက်တာအတွင်း အသီးသီးဝေမျှ ခဲ့ကြပါသည်။

ထို့အပြင် ဓမ္မဆရာ/မများ၏ နှစ်ပတ်လည် အစည်းအဝေးပြုလုပ်ခဲ့ပြီး ရှေ့ဆက်လုပ်ငန်းစဉ်များ ကိုလည်း ရေးဆွဲနိုင်ခဲ့ကြပါသည်။

ထို့နောက် ၂၇ရက်နေ့ ညနေ ၅း၀၀ နာရီတွင် အဖဆရာတော်ဘုရားမှ ကြီးမှူး၍ ရဟန်းတော် (၆) Fr. Conrad Moe Kyaw Htoo, fr. Francis Myint Aung, Fr. John Myo Zaw, Fr. Stephen Chit Thein, Fr. John Aung Aung နှင့် Fr. Mariano Hla Ko တို့ပါဝင်ကာ ကျေးဇူးတင်မစ္ဆား ပူဇော်ခဲ့ကြပြီး ညစာဖြင့်သင်တန်းကို အဆုံးသတ်ခဲ့ကြပါသည်။

၂၈ ရက်နေ့တွင် ပြည်မ ပိုင်းဖုံ ဓမ္မဆရာ/မများ မိမိဌာနေသို့ အသီးသီးပြန်သွားကြရသော်လည်း ရခိုင်ပိုင်းဖုံ ဆရာ/မများတွင်မူ နံနက် ၅း၀၀နာရီ၌ ပေါက်ခေါင်းမှ ပြည်မြို့သို့ထွက်ခွာလာခဲ့ရာ စိန့်ပေါလ်ကာသီဒြယ်၌ ၇း၀၀ နာရီ မစ္ဆားတရားတော်မြတ်တွင် ပါဝင်ခဲ့ပြီး ပြည်သာသနာ အခြေခံ ရဟန်းဖြစ်သင်ကျောင်းသို့ သွားရောက်လည်ပတ်ခြင်း၊ ဈေးဝယ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဆရာတော် ကျောင်းတိုက်တွင် နေ့လည်စာ သုံးဆောင်ခဲ့ကြပြီး နေ့လည် ၂း၀၀ နာရီ နှင့် ည ၈း၀၀ နာရီ အချိန်များ၌မိမိဌာနေသို့အသီးသီးထွက်ခွာသွားခဲ့ကြပါသည်။

OSC - Pyay

# ပထမအကြိမ် ရေဇွာဖုံ၊ ရေဇွာနှင့် စာလ်ထောင် စီရင်စုရှိ ဓမ္မဆရာနှင့် ဂေါပကလူကြီးများ၏ မွမ်းမံသင်တန်း



ဟားခါး ဂိုဏ်းချုပ်သာသနာ မတူပီမြို့နယ်၊ ရေဇွာမြို့တွင် ပထမ အကြိမ် ရေဇွာနှင့် စာလ်ထောင်စီရင်စုမှ ဓမ္မဆရာများနှင့် ဂေါပကလူကြီးများ၏ မွမ်းမံသင်တန်းကို အောက်တိုဘာလ (၁၅)ရက်မှ (၂၂)ရက်ထိ တစ်ပတ်တာ ရေဇွာ ကျောင်းထိုင်ဘုန်းတော်ကြီး Fr. Lucas Khin Mang နှင့် စာလ်ထောင်ကျောင်းထိုင် ဘုန်းတော်ကြီး Fr. Joseph Aung Lwin တို့က ဦးဆောင် ကာကျင်းပခဲ့ကြသည်။

ယခု သင်တန်းကို သာသနာပိုင်ဆရာတော်ကြီး Lucas Hre Kung ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပြီး ရေဇွာစီရင်စုမှ ဓမ္မဆရာ(၁၂)ယောက်၊ ဂေါပကလူကြီး (၁၁) ယောက်၊ လူငယ်(၁)၊ မိခင်(၅)ယောက်၊ စာလ် ထောင်စီရင်စုမှ ဓမ္မဆရာ(၅)ယောက်၊ ဂေါပကလူကြီး (၃) ယောက် နှင့် လေကန်းစီရင်စုမှ ဓမ္မဆရာ(၂) ယောက် စုစုပေါင်း (၃၅)ယောက် တက်ရောက်ခဲ့သည်။

သင်တန်း၏ ဆောင်ပုဒ်မှာ "ဘုရားသခင်ကိုရှင်လန်း ဝမ်းမြောက်စွာ အစေခံကြလော့" (ဆာလံ ၁၀၀း၂) ဖြစ်ပါသည်။

သင်တန်းတွင် Fr. David Khin Hmung မှ ၎င်းကိုယ်တိုင် ထုတ်ဝေခဲ့သော စီရင်စု သာသနာ့အကျိုးဆောင်ကောင်စီနှင့် ဘဏ္ဍာရေးကောင်စီ ဖွဲ့စည်းပုံကို အခြေခံလက်ကိုင်ထားပြီး "အသင်းတော် ၏ လုပ်ထုံးလုပ်စဉ်အတိုင်း ခေါင်းဆောင်နိုင်ဖို့" အတွက်ပို့ချခဲ့ပြီး Fr. John Kyar Thang မှ မစ္ဆားတရား အသုံးအဆောင်များနှင့် အဓိပ္ပါယ်များ၊ ဝတ်ပြုခြင်းဆိုင်ရာ ဝိနည်းများကိုလည်းကောင်း၊ Fr. Joseph Aung Lwin မှ ဘက်စုံမွမ်းမံခြင်း၊ Fr. Christopher Ling Naing-Rezua လက်ထောက် မှ "ထာဝရ ငရဲမသွားချင်ရင် ထာဝရကောင်းကင်ရွေးဖို့ ဘာလုပ်ရမလဲ" ဆိုသည့် ခေါင်းစဉ်ဖြင့် ကယ်ဆယ်ခြင်း တရားတို့ကို အသီးသီး ပို့ချခဲ့ကြပါသည်။

ရေဇွာဖုံသည် ဟားခါးသာသနာ၏ အလယ်ဗဟို ချင်းပြည်နယ်၏တောင်ပိုင်းနှင့် မြောက်ပိုင်းကို ပိုင်းခြားထားသော ဖုံနယ်ဖြစ်ပါသည်။ ရေဇွာဖုံ၌ စီရင်စု (၆)ခုရှိပြီး ရေဇွာ၊ စာလ်ထောင်၊ လေကန်းစီရင်စု တို့သည် ချင်းပြည်နယ် မြောက်ပိုင်းတွင် ပါဝင်လျက်ရှိပါသည်။ ရေဇွာဖုံမှ ဘာသာတူများသည် နာရိန်းရွာ (ယခုနာရိန်းမြို့) ကို အခြေခံပြီး သာသနာပြုခဲ့သော M.E.P Missionary Fr. Andre Bareigts ၏ သားသမီးများဖြစ်ကြသည်။ Fr.Bareigts သည် ၁၉၅၉ ခုနှစ်တွင် နာရိန်းသို့ ရောက်ရှိ၍ ၆၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ အပြီးအပိုင်ပြန်သွားခဲ့သည်။ ဘုန်းဘုန်း၏ သာသ နာပြုချိန်သည် တိုးတောင်းလှသော်လည်း သူ၏ သာသနာပြုလုပ်ငန်းသည် များစွာအောင်မြင် ခဲ့သည်။ ၎င်းသည် ဒေသ ခံ အောက်ခြေအဆင့်ကို ဆင်း၍ ဘာသာဝင် များနှင့်အတူ တကွ နေထိုင်ကျင့်ကြံခြင်း၊ ဘာသာဝင်များ ၏ သာရေး၊ နာရေး၊ ရပ်ကွက်ပွဲ စသည့် လူမှုကိစ္စအဝဝ၌ ပါဝင်ပေးခြင်း၊ ဒေသခံများ၏ ဓလေ့ထုံးစံ အတိုင်း နေထိုင် စားသောက်ခြင်းတို့ကြောင့် ဒေသခံ ဘာသာဝင်များ၏ ချစ်ခင်ကြင်နာမှုကို ရရှိခဲ့ပြီး သာသနာပြုခြင်း၌ အောင်မြင်သူအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ပါသည်။

၎င်း၏ အသီးအပွင့်များအဖြစ် ယုံကြည်သူ ဘာသာဝင်များသည် ရေဇွာဖုံ စီရင်စု(၆)ခု၌သာမက ထန်တလန်နယ်၊ ကလေးနယ်၊ ကြာအင်းနှင့် သံမိုစီရင်စုနှင့် ဂန့်ဂေါ အထိပြန့်ကြဲ လျက်ရှိပြီး၊ ဟားခါး သာသနာအတွင်းရှိ ဘုန်းတော်ကြီးအပါး (၇၀) ကျော် အနက် လက်ရှိဆရာတော် Lucius အပါအဝင်ဘုန်းတော်ကြီး (၁၅)ပါးကျော်တို့သည် Fr. Bareigts ၏ သားသမီးများ ဖြစ်ကြသည်။

ရေဇွာ(Rezua) ဖုံသည် Lautu (လောက်သူ) မျိုးနွယ်စု၊ ဇိုတုန်(Zotung) မျိုးနွယ်စု၊ မရာ (Mara) မျိုးနွယ်စုဟူသော မျိုးနွယ်စု(၃)စုဖြင့် ပေါင်းစပ်ဖွဲ့စည်း ထားသော ဖုံဖြစ်ပြီး ယခုကျင်းပသော သင်တန်းသည် ရေဇွာနှင့် စာလ်ထောင်စီရင်စု နှစ်ခုပေါင်း၍ ပြုလုပ်သော ဇိုတုန်မျိုးနွယ်စုမှ ဓမ္မဆရာများနှင့် ဂေါပကလူကြီး များ၏အထူး မွမ်းမံသင်တန်းဖြစ်ကြောင်းသိရပါသည်။

သင်တန်းသူ၊သားများ၏ မှတ်ချက်အရ ယခုသင်တန်းနှင့် ပတ်သက်ပြီး အားရကျေနပ်ကြရပါကြောင်း၊ ဒီလိုသင်တန်းမျိုးနှစ်တိုင်းရှိသင့်ကြောင်း ရင်ဖွင့်ခဲ့ကြပါသည်။ သင်တန်းပို့ ချသူ Fr. David ကလည်း "ဟားခါးသာသနာတွင် စီရင်စုနှင့် ရပ်ရွာအသီးသီးတို့၌ ဓမ္မဆရာနှင့် ဂေါပက လူကြီးများသည် အဓိက ဦးစီးဦးဆောင်သူများပီပီ သူတို့ကို သင်တန်းပို့ချခွင့် ရခြင်းအား များစွာ အားရကျေနပ်မိတယ်" ဟု သင်တန်းနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည်။

နော်ဘတ်၊ OSC-Hakha

# မော်လမြိုင်ဂိုဏ်းချုပ်သာသနာ မော်လမြိုင်ဖုံနှင့် ထားဝယ်ဖုံ လူငယ်များ တွေ့ဆုံခြင်းနှင့် နှီးနှောဖလှယ်ပွဲ

မော်လမြိုင်ဖုံနှင့် ထားဝယ်ဖုံ လူငယ်များ တွေ့ဆုံခြင်းနှင့် နှီးနှောဖလှယ်ပွဲကို ၂၀၁၈ အောက်တိုဘာလ ၂၄ - ၂၅ ရက်နေ့များတွင် ကျိုက္ခမီ တိုက်နယ် ယေရှုးနာမ ကက်သလစ် ဘုရားကျောင်း၌ ကျင်းပပြုလုပ် ခဲ့ပါသည်။

တွေ့ဆုံခြင်းနှင့် နှီးနှောဖလှယ်ပွဲ၏ ဆောင်ပုဒ်မှာ "သင်သည် ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်ဖြစ်သည်။"

ထို တွေ့ဆုံခြင်းနှင့် နှီးနှောဖလှယ်ပွဲအား CBCM မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်များအဖွဲ့ချုပ်ရုံး အထွေထွေ အတွင်းရေးမှူး မွန်ဆီညော် မောရစ် ညွှန့်ဝေ မှ ဦးဆောင်ပြုလုပ်ပေးခဲ့သည်။

လူငယ်များအတွက် အဓိက သာသနာပြုခြင်းအကြောင်းကို "သာသနာပြုနေသော သာသနာတော်၊ သာသနာတော်သည် သာသနာပြုဖြစ်သည်။" ခေါင်းစဉ်ဖြင့် ဝေငှ ပို့ချ ခဲ့သည်။ ဆပ်ဖြေခြင်း သီလရှင်ဂိုဏ်းမှ Sr. Benedeta ကလည်း ခေါ်တော်မူခြင်းအကြောင်းကို ဝေငှပေးခဲ့ပါသည်။

တွေ့ဆုံခြင်း၏ ရည်ရွယ်ချက်မှာ လူငယ်များ တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှု တည်ဆောက်ပြီး သူတို့တွင်ရှိသော အတွေ့အကြုံ နှင့် အသိတရားများကို တစ်ဦးကို တစ်ဦး ဝေငှနိုင်စေကြရန် ဖြစ်ကြောင်း ကျိုက္ခမီ တိုက်နယ်ရှိ တာဝန်ခံဘုန်းတော်ကြီး Fr. F Saw Chit Kaung မှ ပြောပြခဲ့သည်။

ဤ မော်လမြိုင်ဖုံနှင့် ထားဝယ်ဖုံ လူငယ်များ တွေ့ဆုံခြင်း နှင့် နှီးနှောဖလှယ်ပွဲသည် တတိယအကြိမ် တွေ့ဆုံခြင်း ဖြစ်ပြီး လူငယ် ၁၄၉ ယောက် တက်ရောက်ပါဝင်ခဲ့ကြပါသည်။

(OSC-Mawlamyine)



# စိန်ထရေးဇာ ရဟန်းလောင်းကျောင်းသားဟောင်းများ၏ နီးနှောဖလှယ်ပွဲ နှင့် စိန်ထရေးဇာ၏ ပွဲတော်နေ့ အခမ်းအနားကျင်းပ



စိန်ထရေးဇာ ရဟန်းဖြစ်သင်ကျောင်းတော်ကြီးတွင် ပညာဆည်းပူးခဲ့သော ရဟန်းလောင်းကျောင်းသားဟောင်းများ၏ နီးနှောဖလှယ်ပွဲတစ်ရပ်ကို စက်တင်ဘာလ ၃၀ ရက် တနင်္ဂနွေနေ့၌ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်ရှိ စိန်ထရေးဇာ ရဟန်းဖြစ်သင်ကျောင်းတွင် ပြုလုပ်ကျင်းပခဲ့ပါသည်။

၎င်းတွေ့ဆုံပွဲတွင် တောင်ကြီးကက်သလစ် ဂိုဏ်းချုပ်သာသနာမှ ရဟန်းလောင်း ကျောင်းသားဟောင်းများအပြင်၊ ဖယ်ခုံကက်သလစ် ဂိုဏ်းအုပ်သာသနာမှ ရဟန်းလောင်း ကျောင်းသားဟောင်းများ တစ်ချို့လည်း ပါဝင်အားဖြည့်ခဲ့ကြပြီး နံနက်ပိုင်းတွင် တစ်နာရီ ဝတ်ပြုဆုတောင်းခြင်း၊ အတွေးအမြင်များ ဖလှယ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြပါသည်။ ညနေပိုင်းတွင် ရဟန်းလောင်းကျောင်းသားဟောင်းများ အသင်းနှင့် ရဟန်းတော်(ညွှန့်ပေါင်း) အသင်းတို့မှ ချစ်ကြည်ရေး ဘော်လုံးပွဲယှဉ်ပြိုင်ကစားခဲ့ရာ ရဟန်းတော်(ညွှန့်ပေါင်း)အသင်းမှ ၅-၃ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိပါသည်။

စက်တင်ဘာလ ၁ ရက် တနင်္လာနေ့တွင် စိန်ထရေးဇာ ရဟန်းဖြစ်သင်ကျောင်းတော်ကြီးကို မှီငြမ်းမတော်မူသော စိန်ထရေးဇာ၏ပွဲနေ့တော်ကို အောက်မေ့သတိရသောအားဖြင့် မစ္ဆားတရားတော်မြတ်ကို တောင်ကြီးကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး ဘာဆီးလျိုအားသိုက်မှ ရဟန်းတော် (၁၅)ပါးတို့နှင့်အတူ ဦးဆောင်ကျင်းပရာ စိန်မိုင်ကယ် ရဟန်းဖြစ်တက္ကသိုလ်မှ ကိုရင်များ၊ ဂိုဏ်းအသီးသီးမှ သီလရှင်များ၊ ဘာသာတူများအပါအဝင် လူဦးရေ (၂၀၀)ခန့်ပါဝင်ဆုတောင်း၍ ကျေးဇူးတော်ချီးမွမ်းခဲ့ကြပါသည်။

(TGI - OSC)



# စတုတ္ထကြိမ်မြောက် ပုသိမ်သာသနာလုံးဆိုင်ရာ မိခင်များတွေ့ဆုံပွဲ



ပုသိမ်ဆရာတော်ပိုင် မိခင်များ၏ စတုတ္ထအကြိမ်မြောက် ညီလာခံအစည်းအဝေးကို အောင်တိုဘာလ ၂၄ ရက် မှ ၂၈ ရက်ထိ ပုသိမ်မြို့ စိန်ပီတာဘုရားကျောင်းဝင်းအတွင်း ၄ ရက်တာ ကျင်းပခဲ့ပါသည်။

၎င်း မိခင်များ၏ တွေ့ဆုံပွဲကို ပုသိမ်သာသနာ ဖုံ ၃ ဖုံ မှ မိခင်များ ၅၀၀ ကျော် ပါဝင်တက်ရောက်ကြပါသည်။ ၎င်းညီလာခံ အစည်းအဝေးတွင် မိခင်များ၏တာဝန်ခံ မွန်ဆီညော် ဝီးဖရက်မြင့်စိုးမှ တာဝန်ယူဆောင်ရွက်ပြီး သင်တန်းကာလ ၄ ရက်တာ လုံးတွင် Fr. Aung Kyaw Oo, Fr. Paul, Fr. Wilfred Myint Soe, Mr ဂျူလီယန်, ဂါ့မိုးမြတ်မြတ်သူ, Dr ပွေသူဖော တို့မှ ဘာသာအကြောင်း၊ ကျန်းမာရေး အကြောင်း၊ အမျိုးသမီးရေးရာအကြောင်းတို့ကို အသီးသီး ဝေမျှ ခဲ့ကြပါသည်။ ထိုသင်တန်းတွင် ယူထားသော ခေါင်းစဉ်မှာ "အကျွန်ုပ်ကား ဘုရားသခင်၏ ကျွန်မတည်း၊ ကျွန်မ၌ အမိန့်တော်အတိုင်း ဖြစ်ပါစေသော" ( လုကား ၁:၃၈) ဖြစ်ပါသည်။

သင်တန်းကာလ၏ ညပိုင်း အစီအစဉ်များကို သာသနာအသီးသီးမှ တက်ရောက်လာသော မိခင်များမှ အကပဒေသာဖြင့် ဖျော်ဖြေ တင်ဆက်ကြပါသည်။ သင်တန်းအပြီးတွင် တက်ရောက်လာသော မိခင်များအားလုံးနှင့် အဖဆရာတော်ဘုရား ဂျွန်မန်းဆိန်းဟို အတူတကွ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပါသည်။

Pathein OSC

*Our weaknesses should not deter you; our frailties and sins must not be an obstacle for your trust. The Church is your mother; she does not abandon you; she is ready to accompany you on new roads, on higher paths where the winds of the Spirit blow stronger – sweeping away the mists of indifference, superficiality and discouragement.*

Letter to the Young from the Synod Fathers

ကျွန်ုပ်တို့၏ အပြစ်များသည် သင်တို့ကို မဟန့်တား ပါစေနဲ့၊
ကျွန်ုပ်တို့၏ အပြစ်များ မှားယွင်းခြင်းများသည် သင်တို့၏ယုံကြည်မှုအတွက် အတားအဆီးမဖြစ်ပါစေနဲ့။
အသင်းတော်ဟာ သင်တို့ရဲ့အမေဖြစ်ပါတယ်၊ သင်တို့ကို ပစ်ပယ်မှာ မဟုတ်ပါဘူး။ အသစ်သောလမ်းများအထက်မှာ သင်တို့ကို ဖေးမကူပါလိမ့်မယ်။ မသိကျိုးကျွံပြုခြင်း၊ အပေါ်ယံဆန်ခြင်းနဲ့ စိတ်ဓါတ်ကျခြင်းတို့ကို ရှင်းထုတ်ပေးမယ့် ဝိညာဉ်တော်ရဲ့ လေပြင်းတိုက်ရာ လမ်းမပေါ်မှာ သင်တို့ရဲ့ လက်တွဲဖော်အဖြစ်ရှိနေပေးပါလိမ့်မယ်။

ဆရာတော်ကြီးများ ညီလာခံမှ လူငယ်များထံပေးသော သဝဏ်လွှာ မှ

# မြန်မာနိုင်ငံလုံးဆိုင်ရာ သမ္မာကျမ်းစာတမန်တော်လုပ်ငန်း အဖွဲ့သားများ နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် အမြင်ဖွင့်သင်တန်း



မြန်မာ နိုင်ငံလုံးဆိုင်ရာ ကက်သလစ် သမ္မာကျမ်းစာ တမန်တော်လုပ်ငန်း အဖွဲ့သားများ၏ နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် အမြင်ဖွင့်သင်တန်းကို တောင်ကြီး သာသနာ ဂိုဏ်းချုပ် ဆရာတော်ကြီး ဘာစီလျို အားသိုက်မှ ဦးဆောင်ကာ သံလုကာ ဓမ္မကောလိပ်၊ ဒေင်ရပ်ကွက်၊ မြစ်ကြီးနားမြို့တွင် ၂၀၁၈၊ အောက်တိုဘာ၊ ၁၅ ရက်နေ့မှ ၂၀ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

ပို့ချချက်များကို ဂိုဏ်းချုပ် ဆရာတော်ကြီး ဘာစီလျို အားသိုက်၊ ဖါသာရ် မောရစ် ညွှန့်ဝေ၊ ဖါသာရ် စောဘော့စကို နှင့် ဖါသာရ် နိုဝယ် နော်လတ်တို့ မှ ပို့ချပေးခဲ့ကြသည်။

အခမ်းအနားသို့ သာသနာ အသီးသီးမှ သမ္မာကျမ်းစာ တမန်တော် လုပ်ငန်း အဖွဲ့ဝင်ဦးရေ ၁၁၀ ခန့် ပါဝင် တက်ရောက်ခဲ့ကြသည်။

ပုံ/စာ - အင်တာနက်

# လူငယ်ကော်မရှင်မှ ကြီးမှူးသော လစဉ်လူငယ်များ ဝတ်စောင့်ခြင်း



မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူငယ်ရေးရာကော်မရှင် NCYC နှင့် ရန်ကုန်ဂိုဏ်းချုပ်သာသနာလုံးဆိုင်ရာ ကက်သလစ်လူငယ်ရေးရာကော်မရှင်တို့ပူးပေါင်း ကျင်းပ ပြုလုပ်ခဲ့သော လစဉ်လူငယ် ဝတ်စောင့်ခြင်း Monthly Youth Recollection အစီအစဉ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၇ ရက်၊ စနေနေ့တွင် ရန်ကုန်မြို့ အင်းစိန်ရှိ စိန်လာဇရုးသာသနာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရန်ကုန် ဂိုဏ်းချုပ်သာသနာအတွင်းရှိ သာသနာစီရင်စု ၁၀ ခုမှ လူငယ် ၅၂ ဦး မြန်မာနိုင်ငံ ကက်သလစ်သာသနာ အသီးသီးမှ ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော လူငယ် ၃၂ ဦး စုစုပေါင်း လူငယ် ၈၄ ဦးတက်ရောက်ခဲ့ပါသည်။

ဝတ်စောင့်ခြင်းအစီအစဉ် ဖြစ်မြောက်စေရေးအတွက် နေ့လည်စာ၊ အဆာပြေ နှင့် အခြားသော လိုအပ်သည့်အရာများကို အဖက်ဖက်ကပံ့ပိုးပေးပါသော St. Lazarus' Catholic Church ကျောင်းထိုင်ဘုန်းတော်ကြီး Fr. Benedict Htay Lwin နှင့် သာသနာ့အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဝတ်စောင့်ခြင်းကို ဦးဆောင်ပေးပါသော ကလေးဂိုဏ်းအုပ်သာသနာ လူငယ်တာဝန်ခံဘုန်းတော်ကြီး Fr. Joseph Pau Lian Kham၊ St. Lazarus သာသနာလူငယ်အဖွဲ့နှင့် ဝတ်စောင့်ခြင်းသို့ လာရောက်ကြသော လူငယ် အယောက်စီတိုင်း အပေါ်သို့ ဘုရားရှင်၏ ကောင်းကြီးများ သက်ရောက်ပါစေကြောင်း ဆုမွန်ကောင်းပြုလျက် ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

Yangon Archdiocesan Catholic Youth Commission

# ခရစ်ယာန် သီအော်လော်ဂျီ ကျောင်းသား/သူများ၏ စည်းလုံးရေး မိတ်သဟာ ပွဲတော်

နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိသော ရန်ကုန်မြို့ရှိ ခရစ်ယာန် သီအော်လော်ဂျီ ကျောင်းများ၏ စည်းလုံးရေး မိတ်သဟာ ပွဲတော်ကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကက်သလစ် ရဟန်းဖြစ်တက္ကသိုလ်၌ ပြုလုပ်ခဲ့သည်။

ပွဲတော်သို့ Myanmar Intitute of Theology (MIT), Holy Cross Theological College (HCTC), နှင့် Catholic Major Seminary - Institute of Theology တို့ မှ ကျောင်းသား စုစုပေါင်း ၂၆၂ ဦး အစဉ်အလာအတိုင်း ပါဝင် ဆင်နွှဲခဲ့ကြသည်။

ပွဲတော်ကို အတူတကွ ချီးမွမ်းဝတ်ပြု ဆုတောင်းခြင်း၊ သတ်မှတ်ထားသည့် အကြောင်းအရာ တစ်ခုအပေါ် အဖွဲ့လိုက် ဆွေးနွေးကာ ပြန်လည်တင်ပြခြင်း။ ဆိုရှယ်ဂိမ်းများ ကစား ခြင်းတို့ဖြင့် ကျင်းပပြုလုပ်သည်။ ရဟန်းဖြစ်တက္ကသိုလ်မှ ကျောင်းအုပ် ဘုန်းတော်ကြီးနှင့်အတူ စာချ ရဟန်းတော်များမှလည်း အားတက်သရော ပါဝင်ကူညီပေးခဲ့ကြသည်။

ခရစ်ယာန်ဂိုဏ်းပေါင်းစုံ သီအော်လော်ဂျီကျောင်း အချင်းချင်းအကြား မျှဝေခြင်း၊ မိတ်ဖွဲ့ခြင်းများကို ၁၉၆၀ ခုနှစ်များက စတင်ခဲ့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် ရပ်တန့်သွားခဲ့ရာ ၂၀၀၃ ခုနှစ်မှ ပြန်လည် ပြုလုပ်ခဲ့ကြသည်။

ဤကဲ့သို့ ပွဲတော်ကျင်းပခြင်းဖြင့် ခရစ်ယာန် ညီအစ်ကို အသင်းတော်များ (ကက်သလစ်၊ နှစ်ခြင်း၊ အင်္ဂလိကန် နှင့် မက်သဒစ်) အကြားရှိနေသော စိတ်ပိုင်းဆိုင်ရာ အဟန့်အတားများကို ချေဖျက် ကျော်လွှန်နိုင်ရန်ရည်ရွယ်သည်။ ကျောင်းသားများအကြားနားလည်မှု ထားရှိခြင်းက နောင်တွင် သာသနာ လုပ်ငန်းခွင် ရောက်သည့်အခါ စည်းလုံးမှုကို ပိုမို ဖန်တီးနိုင်မည်ဟု ယုံကြည်ချက်ဖြင့် လုပ်ဆောင်ခြင်း ဖြစ်ကြောင်းသိရသည်။

CBCM - OSC



# ပြည် သာသနာလုံးဆိုင်ရာ ဓမ္မဆရာ/မများ မွမ်းမံသင်တန်း

ပြည်သာသနာလုံးဆိုင်ရာ ဓမ္မဆရာ/မများ မွမ်းမံ သင်တန်းအား ၂၀၁၈ခုနှစ် အောက်တိုဘာလ ၂၄ မှ၂၇ ရက် အထိ ပေါက်ခေါင်းတိုက်နယ်ပေါက်ခေါင်းမြို့ရှိစိန်မေရီ ဘုရားကျောင်းတွင် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် အောင်မြင်စွာ ကျင်းပ နိုင်ခဲ့ပါသည်။



အဆိုပါသင်တန်းအား ဓမ္မဆရာ/မများ စုစုပေါင်း ၄၇ ဦး တက်ရောက်နိုင်ခဲ့ပါသည်။ သင်တန်းအား ၂၄ ရက်နေ့ ညနေ ၅း၀၀ နာရီတွင် အဖဆရာတော်ဘုရား Alexander ဦးပြုံးချို မှ ကြီးမှူး၍ ဘုန်းတော်ကြီး ၄ ပါး Fr. Conrad Moe kyaw Htoo (ကျောင်းထိုင်ဘုန်းတော်ကြီး), Fr. Francis Myint Aung (ဓမ္မဆရာတာဝံခန်), Fr. Stephen Chit Thein (သင်တန်းမှူး)နှင့် Fr. David Chit Paing တို့ပါဝင်ပူဇော်သော မစ္ဆားဖြင့် ဖွင့်လှစ်ခဲ့သည်။ ဤတန်းအားဖြင့် ဓမ္မဆရာ/မများ သာသနာပြု စိတ်အား ထက်သန်ရန် ရည်ရွယ်လျက် အဖဆရာ တော် Alexander ဦးပြုံးချို မှ ဓမ္မဆရာနှင့် ဆက်ကပ်ခြင်းအသက်တာ၊ Fr. Stephen Chit Thein မှ ဓမ္မဆရာများ၏ စနစ်ကျသော သာသနာပြုခြင်း၊ Fr. John Aung Aung မှ စက္ကရာမင်တူးမင်္ဂလာမြတ် များကျင်းပရာတွင်ဓမ္မဆရာများ၏အခန်းကဏ္ဍများ၊ Fr. Mariano Hla Ko မှ ဓမ္မဆရာ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ၊ ဓမ္မဆရာကြီး ဦးမြတ်စံမှ ဓမ္မဆရာ၏ လက်တွေ့ ဘဝအသက်တာ စသည်ဖြင့် သင်တန်း

စာမျက်နှာ ၁၅ သို့

# မြန်မာနိုင်ငံ ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ်တွင် စာချခဲ့သော ဖါသာရ် လချန်းစကီ အတွက် ဆုတောင်းခြင်း

၂၀၁၈ ခု စက်တင်ဘာ ၂၆ ရက် နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ပျံလွန်တော်မူခဲ့သော Fr. Sigmund Joseph Laschenski အတွက် အောက်မေ့ ဆုတောင်းခြင်း နှင့် မစ္ဆားပူဇော်ခြင်း အခမ်းအနား ကို ရန်ကုန်မြို့ ရဟန်းဖြစ်တက္ကသိုလ်၌ အောက်တိုဘာလ ၃ ရက် ညနေ ၅ နာရီခွဲ အချိန်တွင် ပြုလုပ်ခဲ့သည်။




အခမ်း အနားတွင် ကျောင်းအုပ် ဘုန်းတော်ကြီး ဖါသာရ် အောင်ဝင်းမှ ယခုရှိနေသော ရဟန်းဖြစ်တက္ကသိုလ်သည် ဖါသာရ် လချန်းစကီး အပါအဝင် ယေဇူးအသင်းဝင် ဘုန်းတော်ကြီးများ၏ ကျေးဇူးကြောင့်သာ ဖြစ်လာသည့် အတွက် စတင်တည်ထောင်ခဲ့သော ဘုန်းတော်ကြီးများနှင့် ယေဇူးအသင်းအား ကျေးဇူးတင်ရင်း ဤကျောင်းတော်တွင် တာဝန်ထမ်းဆောင်ပြီး ကွယ်လွန်သွားပြီဖြစ်သော ရဟန်းတော်များ အားလုံးအတွက်လည်း ဆုတောင်းပေးခြင်း ဖြစ်ကြောင်း ကြိုဆို နှုတ်ခွန်းဆက်ရင်း ပြောပြခဲ့သည်။

ဂိုဏ်းချုပ်ဆရာတော်ကြီး ပေါလ် ဂရောင်မှ မစ္ဆားတရားတော်မြတ်ကို ဦးဆောင် ပူဇော်ပေးခဲ့သည်။ ဖါသာရ် လူးဝစ်မှ ဩဝါဒပေးရာတွင် ဖါသာရ် လချန်းစကီး အကြောင်းကို သူသိမှီခဲ့သည်များထဲ ဝေမျှခဲ့သည်။ အထူးသဖြင့် ဝိညာဉ်ရေးရာတွင် စံပြုထိုက်သူ တစ်ဦးဖြစ်ပြီး မြန်မာပြည်ကို ထူးထူးခြားခြား သံယောဇဉ်ကြီးမားသူ ဖြစ်ကြောင်း ဝေမျှခဲ့သည်။

မစ္ဆားအပြီးတွင် မြန်မာနိုင်ငံ ယေဇူး အသင်း၏ အကြီးအကဲဖြစ်သူ ဖါသာရ် မာ့ခ် က ယခုကဲ့သို့ ယေဇူးအသင်းဝင်များ၏ အလုပ်ကို အသိအမှတ်ပြု ကျေးဇူးတင်သည့် အတွက်များစွာ ဝမ်းသာ ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။ တဆက်တည်းတွင် ဖါသာရ် လချန်းစကီးသည် မြန်မာပြည်ကို အလွန် သံယောဇဉ်ကြီးသူ ဖြစ်ကြောင်း၊ ၁၉၆၆ ခုနှစ်တွင် မြန်မာပြည်မှ နှင်ထုတ်ခံရပြီးသောအခါတွင်လည်း မြန်မာပြည်နှင့် နီးကပ်စွာ နေလိုသော ဆန္ဒဖြင့် ထိုင်းနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း၊ အခွင့်အရေးရသည်နှင့် မြန်မာပြည် ပြန်လာရန် စိုင်းပြင်းနေကြောင်း နှင့် ယခုလို ဆုတောင်းခြင်း အပြင် မြန်မာနိုင်ငံတွင် ရှိနေသော ယေဇူး အသင်းဝင်များအားလုံးကို အခမ်းအနားသို့ ဖိတ်ခေါ်ခဲ့သည်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

မစ္ဆားတရားတော်မြတ်တွင် ရဟန်းလောင်း ကိုရင်များနှင့်အတူ မြန်မာနိုင်ငံ ယေဇူး အသင်းဝင် ဘုန်းတော်ကြီးများ။ စာချရဟန်းတော်များ စုံညီစွာ ပါဝင် တက်ရောက်ခဲ့ကြသည်။

CBCM - OSC

# ဘုန်းတော်ကြီး ဖိလစ် ဇဟေးလျန် ၏ ဝိညာဉ်အတွက် မစ္ဆားတရား ပူဇော်ပေးခြင်း



ဟားခါးသာသနာမှ ဘုန်းတော်ကြီး ဖာသာရ် ဖိလစ်ဇဟေးလျန် (၄၃)နှစ်သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ(၅) ရက်နေ့တွင် အစာအိမ်ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းပျံလွန်တော်မူခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၅)ရက်နေ့တွင် ပျံလွန်တော်မူခဲ့သည့် (၃)နှစ်ပြည့်ခဲ့ပြီဖြစ်သည်။

ဘုန်းတော်ကြီးသည် အရှေ့ဖျား ဓမ္မအသံ ဟားခါးဘာသာ အစီအစဉ်ဌာန ဟားခါးမြို့တွင် စတင်ရုံးထိုင် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှစ၍ RVA-Chin(Hakha ဘာသာစကား) အစီအစဉ်၏ Coordinator အဖြစ်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ယင်းတာဝန်ကိုထမ်းရွက်စဉ် RVA-Chin (Hakha)ဘာသာစကားဖြင့် ထုတ်လွှင့်မှုကို မလစ်ဟင်းစေဘဲ ပုံမှန်ဆောင်ရွက်နိုင်ရန် နေ့မအား ညမအားအချိန်ပြည့် ရုံးတက်၍ ကြိုးစားအားထုတ်ခဲ့သည်။ RVA- တာဝန်ထမ်းဆောင်ရင်း ဟားခါးမြို့မှ (၁၆)မိုင်ဝေးကွာသည့် Ti-phul Parish မှသိုးစုများကိုပါ တာဝန်ယူကြည့်ရှုခဲ့သည်။

ဘုန်းတော်ကြီးကို ချင်းပြည်နယ် ထန်တလန်မြို့နယ် လေတပ်ရွာနေ အဘဦး Peter Lian Hniar နှင့် အမိဒေါ် Sem Zing တို့မှ မွေးဖွားခဲ့ပါသည်။ ဘုန်းတောကြီးသည် ၂၀၀၈ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့တွင် ရဟန်းသိက္ခာ ခံယူခဲ့ပြီးနောက် ပြင်သစ်နိုင်ငံသို့ ပညာတော်သင်သွားရောက်ခဲ့ပါသည်။

ဘုန်းတော်ကြီး ပျံလွန်တော်မူခဲ့သည့် (၃) နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားတွင် ဟားခါးဆရာတော်ကြီး Lucius Hre Kung သည် ဟားခါး st.Joseph Cathedral ကျောင်းထိုင် ဘုန်းတော်ကြီး ဖာသာရ် John Om Se နှင့် ဆရာတော်ကျောင်းတိုက်မှ ဘုန်းတော်ကြီးများ ခြံရံလျက် အခါလည် မစ္ဆားပူဇော်ပေးခဲ့ကြပါသည်။ မစ္ဆားတရားတွင် ကျန်ရစ်သူမိသားစုဝင်များ၊ သီလရှင်များ၊ ဘော်ဒါကျောင်းသူ၊ သားများ နှင့် ဘာသာတူများ (၈၀)ကျော် ပါဝင်ခဲ့ကြပြီး ဘုန်းတော်ကြီး၏ ဝိညာဉ်အတွက် ဆုတောင်းခဲ့ကြပါသည်။

ထိုနေ့တွင် ဘုန်းတော်ကြီး Philip Za Hei Lian ၏မိသားစုဝင်များမှ ဆရာတော်ကြီးနှင့်တကွ မစ္ဆားပူဇော်ရာတွင် ပါဝင်သော ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ အားလုံးကို ညစာဆွမ်းကျွေးခြင်းဖြင့် ဝိညာဉ်အတွက် ဒါနကုသိုလ် ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

NKL( Osc-Hakha)

# ကိုးရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ကက်သလစ် ဘုရားဖူးနယ်မြေများကို နိုင်ငံတကာ ဘုရားဖူးနယ်မြေ အဖြစ်သတ်မှတ်

တောင်ကိုးရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ကက်သလစ် ဘုရားဖူးနယ်မြေများကို နိုင်ငံတကာ ဘုရားဖူးနယ်မြေအဖြစ် ကက်သလစ်အသင်းတော်ကြီး၏ရုံးချုပ် ဗာတီကန်မှ အသိအမှတ်ပြုသည့်ပွဲနေ့ မဿားတရားတော်မြတ်ကို ဆိုးလ် မြို့ရှိ "Seosomun Martyrs Shrine" ၌စက်တင်ဘာလ (၁၅) ရက်နေ့ ၂၀၁၈ ခုနှစ် နံနက် (၉) နာရီတွင် ကျင်းပခဲ့ ပါသည်။

၎င်းပွဲနေ့ မဿားတရားတော်မြတ်တွင် ပါဝင်ရန်နှင့် ဘုရားဖူးရန်အတွက် ဆိုးလ်မြို့ရှိ ဂိုဏ်းချုပ် သာသနာ ဆရာတော်ကြီး Cardinal Andrew Yeom Soo Jung က (Asia Catholic Leaders) ဆိုသည့် ခေါင်းစဉ်နှင့် အာရှနိုင်ငံ အသီးသီးမှ ကက်သလစ်ခေါင်းဆောင်ကြီးများ တစ်ဖွဲ့နှင့် လူငယ်များတစ်ဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ ဖိတ်ကြား ခဲ့ပါသည်။ ကာဒီနယ်ကြီး Andrew Yeom ၏ဖိတ်ကြားချက် အရ ဗာတီကန်၊ ဘရူနိုင်း၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ မွန်ဂိုးလီးယား၊ မြန်မာ၊ နီပေါလ်၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံများမှ ကာဒီ နယ်များ၊ ဆရာတော်ကြီးများနှင့်ဘုန်းတော်ကြီးများ စုစုပေါင်း (၃၁) ပါး တို့သည် ဆိုးလ်မြို့သို့ စက်တင်ဘာလ (၁၀) ရက်နေ့ ၂၀၁၈ ခုနှစ်တွင် ရောက်ရှိခဲ့ပြီး လူငယ်များမှာမူ စက်တင်ဘာလ (၁၁) ရက်တွင် ရောက်ရှိလာကြသည်။ အာရှကက်သလစ် လူငယ်ခေါင်းဆောင်များအဖွဲ့ နှင့် လူငယ်အဖွဲ့ များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချိန်ဇယားမတူညီကြသော်လည်း စက်တင်ဘာလ (၁၂၊ ၁၄ နှင့် ၁၅) ရက်နေ့များတွင် မဿားတရားတော်မြတ်၌ အတူတကွ ပါဝင်ခဲ့ကြပြီး အခြား အချိန်များတွင် ကိုယ့်အဖွဲ့နှင့်ကိုယ် သီးသန့်ဘုရားဖူးကြသည်။



ကျွန်ုပ်တို့မြန်မာနိုင်ငံအနေနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဆရာတော်ကြီး Felix Lian Khen Thang နှင့် ကလေးသာသနာ လူထုဆက်သွယ်ရေး နှင့် RVA Tedim Chin Service တာဝန်ခံ ဘုန်းတော်ကြီး Joseph Thang Nen Zo Mung တို့ပါဝင်ခဲ့သည့်အပြင် လူငယ်များထဲမှမြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ကော်မရှင်မှ Maximian သက်နိုင်ဦး (မန္တလေး သာသနာ)၊ Edmund အောင်ရာဇာ (ပုသိမ်သာသနာ) နှင့် Ruth နော်မေပန်းချီစိုး (တောင်ငူသာသနာ) တို့ပါဝင်ခဲ့ကြပါသည်။

ဗာတီကန်နိုင်ငံမှ အထူးဧည့်သည်အဖြစ်ကြွရောက်လာသည့် Archbishop Salvatore Rino Fisichella (President of the Pontifical Council for the New Evangelization) နှင့်အတူ Asian Catholic Leaders (၃၁) ပါးတို့သည် ၂၀၁၈ ခုနှစ်တွင် "Dinner and Orientation" ဟုသော ခေါင်းစဉ်ဖြင့် တစ်ဦးနှင့်တစ်ဦးမိတ်ဆက်ပွဲနှင့် ညစာ သုံးဆောင်ခြင်း အခမ်းအနားများ ကျင်းပခဲ့ကြသည်။

စက်တင်ဘာလ (၁၁) ရက်နေ့တွင်နံနက် ၈း၃၀မှ စ၍

(1) Seoul City Wall Museum
(2) Catholic University
(3) Myeong Cathedral
(4) Seoul Archdiocesan Catholic History Maseum
(5) The Site of John the Baptist Yi Byeok's House
(6) Site of the foundation of Korean Catholic Church
(7) The Site of left Podo – Cheong
(8) Jongno Catholic Church
(9) Gwanghuimun Shrine
(10) Seoul fortress Wall Trail
(11) Catholic University Songsin Theological Campus
(12) The beatification Place of Gwanghwamun
(13) Danggogae Martyrs' Shrine
(14) Saenamteo Martyrs' Shrine
(15) Jeoldusan Martyrs' Shrine (Mass)

စသည့်နေရာများသို့ ဘုရားဖူးသွားရောက်ပြီး မိမိတို့တည်းခိုသည့်နေရာကို ည (၉) နာရီမှပြန်ရောက်ခဲ့ပါသည်။

စက်တင်ဘာလ (၁၂) ရက်နေ့တွင် Local Shrine ဟူသော ဆိုးလ်မြို့မှ (၃) နာရီခန့်သွားသည့် Dangyin မြို့ငယ်လေးသို့လူငယ်များနှင့်အတူ သွားရောက်ပြီး Dangyin မြို့ရှိ Solmoe Shrine တွင် မဿားတရားပူဇော်ခဲ့ပါသည်။ ၎င်းနေရာသည် ကိုးရီးယားလူမျိုးထဲမှ ပထမဆုံးသောရဟန်းသိက္ခာခံယူခဲ့သည့် Fr. Andrew Kim ၏မွေးရပ်ဇာတိဖြစ်ပါသည်။ ထိုနေရာသည် ဘုရားဖူးသူများအတွက် တိတ်ဆိတ်စွာကားတိုင်လှည့်နိုင်ရန် ပြုလုပ်ထားသော အထူးစိတ်ဝင်စားဖွယ်ရာ နေရာလေးဖြစ်ပါသည်။

ထို့နောက် ညနေပိုင်းတွင် "Haemi Shrine" ဆိုသည့် နေရာလေးသို့ ဘုရားဖူး သွားခဲ့ပါသည်။ ၎င်းနေရာသည် Chungcheong Province ဟုခေါ်သော ရှေးဟောင်းနန်းတွင်းတစ်ခုဖြစ်၍ အထဲတွင် အကျဉ်းထောင်တစ်ခု ရှိသည်။ ၎င်းထောင်သည် အထူးသဖြင့် ခရစ်ယာန် (Catholic) ဘာသာဝင်များကို အကျဉ်းချ ခဲ့သည့်ထောင် ဖြစ်သည်။ ထောင်ထဲတွင် ခရစ်ယာန်များသည် အမျိုးမျိုးညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့သည့်အပြင် ထောင်၏အပြင်ဘက်ရှိ သစ်ပင်ကြီးပေါ်၌လည်း ပုံစံအမျိုးမျိုးနှင့် ချိတ်ဆွဲပြီး အသတ်ခံ ခဲ့ကြရသည်။ ထိုနန်းတွင်းဟောင်းကွင်းပြင်တွင် တံခါးပေါက်ကြီး (၄) ခုရှိပြီး ထိုတံခါး ပေါက်များအနက် တစ်ပေါက်တွင် ခရစ္စတူးကားတိုင်ကို မြေပေါ်၌ ချထားကာ ခြေနင်းနင်းသော ခရစ်ယာန်များအား လွှတ်ပေးခဲ့ကြသည်။ သို့သော် မိမိတို့၏ ယုံကြည်ခြင်းကို သစ္စာရှိရှိ သက်သေခံပြီး မနင်းသော ခရစ်ယာန်များသည် ညှဉ်းပန်းခံရကာ အသတ်ခံခဲ့ကြရကြောင်း စကားပြန်တစ်ဦးမှ ရှင်းပြခဲ့ပါသည်။ ထိုနေရာတွင် ၁၇၉၀ ခုနှစ်မှ ၁၈၈၀ ခုနှစ်အထိ ညှဉ်းပန်းနှိပ်စက် အသတ်ခံခဲ့သည့် အမည်မသိ ဘာသာတူဦးရေ (၁၀၀၀) ကျော်ရှိခဲ့ကြောင်းလည်း သိရပါသည်။ ယခုချိန်တွင် ထိုနေရာသည် ကက်သလစ် သာသနာပိုင်မြေဖြစ်လာ၍ ဘုရားဖူးမြေအဖြစ် သတ်မှတ် ခံရသည်။

စက်တင်ဘာလ (၁၃) ရက်နေ့မနက်ပိုင်းတွင် Gahoe – dong Catholic Church သို့ ဘုရားဖူးသွားခဲ့ပါသည်။ ၎င်းနေရာသည် ကိုးရီးယားနိုင်ငံတွင် ပထမဦးဆုံး သာသနာပြုဘုန်းတော်ကြီး Fr. James Zhon နေခဲ့သည့် နေရာဖြစ်ပြီး သူသည် ၁၇၉၅ ခုနှစ် ပါစကားပွဲနေ့တွင် ထိုမြို့၌ ပထမဦးဆုံး မဿားတရားပူဇော်ခဲ့ပါသည်။ သူသည် တရုတ်ပြည်မှ ကြွရောက်လာသော သာသနာပြုဘုန်းတော်ကြီးဖြစ်ပြီး နိုင်ငံရေးအရ မလွတ်လပ်သော်လည်း ဘာသာသူများ၏ အကူအညီဖြင့် သူ၏သာသနာပြုလုပ်ငန်းများကို ရဲရင့်စွာ လုပ်ဆောင် နိုင်ခဲ့ပါသည်။ သူရောက်ရှိလာခဲ့သော အချိန်မှစ၍ အသတ်ခံရသည့် (၁၈၀၁) ခုနှစ်အထိ (၅) နှစ်အတွင်း ဘာသာတူဦးရေ (၄၀၀၀) မှ (၁၀၀၀၀) အထိတိုးပွားလာခဲ့ပါသည်။ Fr. James Zhon နှင့်အတူ အသတ်ခံရသော ဘာသာတူ (၈) ဦးတို့ကို ရဟန္တာအဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ရဟန်းမင်းကြီးအရှင်သူမြတ်ဖရန်စစ်က တင်မြှောက်ခဲ့ပါသည်။

ထို့နောက် ဘုရင်မင်း အဆက်ဆက် နေခဲ့သည့် နန်းတော် Changdeokgung Palace သို့ သွားရောက်လေ့လာခဲ့ပါသည်။ သမိုင်းအရ King Joseon သည် နောက်ဆုံးဘုရင်ဖြစ်ပြီး သူနန်းစံခဲ့သည့်နှစ်များတွင် ခရစ်ယာန်မြောက်များစွာတို့သည် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း ခံရသော်လည်း သူ့ကိုဆက်ခံသော သူ၏မြေး Prince Uihwa ကိုယ်တိုင်က ကက်သလစ် ခရစ်ယာန် ယုံကြည်ခြင်းကို လက်ခံပြီး ဆေးကြောခြင်းခံခဲ့ပါသည်။ ထိုအချိန်မှစ၍ တောင်ကိုးရီးယားနိုင်ငံတွင် ခရစ်ယာန်များသည် ညှဉ်းပန်းနှိပ်စက်ခြင်း မခံရတော့ဘဲ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရရှိခဲ့ပါသည်။

ထို့နောက် Gahoedong Catholic ဘုရားကျောင်းသို့သွားခဲ့ပါသည်။ ထိုဘုရားကျောင်းသည် ကိုးရီးယားဒီဇိုင်းနှင့် ဆောက်လုပ်ထားပြီး ပြခန်းမြောက်များစွာနှင့် အလွန်လှပသည့်သမိုင်းဝင်ဘုရားဖူးမြေအဖြစ် သတ်မှတ်ခြင်း ခံရသည်။ ထို့နောက Secret Garden of Changdeokgung ဟုခေါ်သော ဘုရင်များအတွက် အပန်းဖြေသည့် နေရာအဖြစ် ဆောက်လုပ်ထားသော လှသည့် ဥယျာဉ်၊ ပန်းခြံနှင့် နန်းတော်များသို့ လေ့လာ ကြည့်ရှုခဲ့ပါသည်။

ညနေပိုင်းတွင် International Symposium ဟုခေါ်သော ဟောပြောပွဲကို "Cultural Tradition in Asia and Christianity"(အာရှနိုင်ငံများရှိရိုးရာဓလေ့ထုံးစံများနှင့် ခရစ်ယာန်ယုံကြည်ခြင်း)ဟူသောခေါင်းစဉ်ကြီးအောက်တွင် မလေးရှားနိုင်ငံမှ Cultural Tradition of Malaysia and Christinity, တရုတ် နိုင်ငံမှ Cultural Tradition of China and Christianity, နှင့် ကိုးရီးယားနိုင်ငံမှ Cultural Tradition of Korea and Christianity ဟူ၍ ခေါင်းစဉ်ငယ် အသီးသီးဖြင့် စာတမ်းဖတ်ခြင်း ဟောပြောခြင်းများ ပြုလုပ်ခဲ့ပါသည်။ သူတို့၏ ဟောပြောချက်များအပေါ် တက်ရောက်သူများက ပြန်လည်ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပါသည်။

ထို့နောက် တောင်ကိုးရီးယားနိုင်ငံတော် သမ္မတကတော် Kim Jung – Sook နှင့်လည်း တွေ့ဆုံပွဲကို ကျင်းပခဲ့ပါသည်။ ထိုတွေ့ဆုံပွဲအပြီးတွင် သူသည် ကက်သလစ် ဘာသာဝင်တစ်ဦး ဖြစ်သည့်အတွက် လူငယ်များနှင့်အတူ ရင်းနှီးစွာ ရောထိုင်ပြီး မဿားတရားနာယူခဲ့ပါသည်။

ဆိုးလ်မြို့နယ်ရှိ ကက်သလစ်ဘုရားဖူးနယ်မြေများအားလုံးကို ဗာတီကန်မှ နိုင်ငံတကာ ဘုရားဖူးနယ်မြေအဖြစ် အသိ အမှတ်ပြုခဲ့သည်။ ထိုအသိအမှတ်ပြုခြင်း အခမ်းအနားကို မဿားတရားတော်မြတ်နှင့် "Seosomun Martyrs Shrine" တွင် စက်တင်ဘာလ (၁၄) ရက်နေ့၊ နံနက် ၉း၃၀

# ချမ်းသာကုန်း စိပ်ပုတီးသခင်မ ပွဲတော်





မန္တလေး ဂိုဏ်းချုပ် သာသနာ ရှိ ချမ်းသာကုန်းကျေးရွာတွင် စိတ်ပုတီးသခင်မ ပွဲတော်နှင့်အတူ ဦးပဥ္စင်း သိက္ခာ တင်ခြင်း အခမ်းအနားကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၃ နှင့် ၂၄ ရက်နေ့များ၌ ကျင်းပခဲ့ပါသည်။

၂၃ ရက်နေ့ ညနေ ၅ နာရီ ပွဲနေ့အကြိုမစ္ဆားတရားတော်မြတ်ကို ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလပ်စ် မန်ထန်းမှ ဦးဆောင်ခဲ့ပြီး ဆရာတော်ကြီး ပေါလ်ဂရောင် နှင့် ဘုန်းတော်ကြီးအပါး ၅၀ ခန့်တို့က ပါဝင်ပူဇော်ခဲ့ပါသည်။ သူတော်စင်များနှင့် မယ်တော်အား သဒ္ဓါကြည်ညို များစွာလည်း မစ္ဆား နာယူခဲ့ကြသည်။ မစ္ဆား အပြီးတွင် ဆင်းတုတော်များပင့်ဆောင်ကာ ကျေးရွာအတွင်း စီတန်းလှည့် လည်ခြင်းကို ဆက်တိုက် ပြုလုပ်ခဲ့ပြီး ကိုယ်တော်မြတ် ကောင်းကြီး မင်္ဂလာဖြင့် အဆုံးသတ်ခဲ့ပါသည်။

ည ၁၀ နာရီမှ နံနက် ၅ နာရီ အထိ မစ္ဆားပူဇော်ခြင်းကို တစ်နာရီတစ်ကြိမ်ဆက်တိုက်ပူဇော်ခဲ့ရာ မစ္ဆားတိုင်းတွင် ပါဝင်နာယူသူ ဘာသာဝင် အများအပြား ရှိခဲ့သည်။

မယ်တော်၏ လိုဏ်ဂူတော်နှင့် ရင်ပြင်တို့တွင်လည်း စိပ်ပုတီး စိပ်သူများ၊ မီးပူဇော်များဖြင့် တစ်ညတာလုံး ဆုတောင်းသူများနှင့် စည်ကားနေခဲ့ပါသည်။

အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီ အချိန်တွင် ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလပ်စ် မန်ထန်း ဦးဆောင်ကာ ပွဲတော် မစ္ဆားတရားတော်မြတ်ကို ပူဇော်ခဲ့ပါသည်။ ထိုမစ္ဆားတွင် ဆရာတော်ကြီး ပေါလ်ဂရောင်၊ မြန်မာပြည် အနှံ့မှ ရောက်လာကြသော ဘုန်းတော်ကြီးများ အပါး ၈၀ ခန့်တို့လည်း မစ္ဆားတရားတော်မြတ်တွင် ပါဝင် ပူဇော်ခဲ့ကြသည်။

မြန်မာပြည် အနှံ့ ရပ်ဝေး ရပ်နီးမှ ရောက်လာကြသော မယ်တော်အား သဒ္ဓါကြည်ညိုသူ အပေါင်းတို့ဖြင့်လည်း ဘုရားကျောင်းဝင်းသည့် ပြည့်လျှံနေသည်။

မစ္ဆားတရားတော်မြတ်အတွင်း ကိုရင် သုံးပါးတို့အား ဦးပဥ္စင်းသိက္ခာတင်ပေးခြင်း အခမ်းအနားကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။ သူတို့မှာ ဦးပဥ္စင်း ရေမွန်၊ ဦးပဥ္စင်း ပက်ထရိတ် နှင့် ဒေါ်မိနစ်ကန် အသင်းဂိုဏ်းမှ ဦးပဥ္စင်း အန်ထော်နီ တို့ ဖြစ်သည်။

ပွဲတော်သို့လာရောက်သူများသည် တနှစ်ထက်တနှစ် ပိုမို များပြားလာလျက်ရှိပါသည်။ သို့သော် ဧည့်ပရိတ်သတ်အတွက် အစားအသောက်များကို ချမ်းသာကုန်းရှိ ဦးမြင့်ဝေမိသားစုမှ နှစ်စဉ် တာဝန်ယူ ဧည့်ခံကျွေးမွေး လျက်ရှိသည်။ ကြွရောက်လာသော ဘုန်းတော်ကြီးများနှင့် သီလရှင်များကိုလည်း ကထိန် အလှူများ ဆက်ကပ် လှူဒါန်းခဲ့သည်။

ချမ်းသာကုန်းရွာငယ်လေးသည် ဒုတိယ ကမ္ဘာစစ်မဖြစ်မီကပင် တည်ရှိခဲ့သော ရွာဖြစ်ခဲ့ပြီး မယ်တော်သခင်မပွဲ တော်ကိုလည်း ထိုအချိန်များကပင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ ဒုတိယ ကမ္ဘာစစ် အချိန်တွင် ခေတ်ကာလ အခြေအနေကြောင့် ရွာမှာ စစ်မြေပြင်ဖြစ်ကာ ပျက်စီးသွားခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ဒေါ်ဖန်ဟု ခေါ်သော အမျိုးသမီးကြီး အိပ်မက်အရ ပျက်စီးနေသော ရွာဟောင်းထဲမှ မယ်တော် ၏ ဆင်းတုတော်အား ပြန်လည်တွေ့ရှိခဲ့သည်။ မယ်တော်ဆင်းတုအား မူလဂူလိုဏ် ရှိရာတွင် ပြန်လည်ထားရာမှ တဖြည်းဖြည်း အခြေချ နေထိုင်လာခဲ့ကြသည်။

ဤသို့ဖြင့် ကျေးရွာမှာ အသက်ပြန်ဝင်လာခဲ့သည်။ မယ်တော်၏ပွဲတော်ကိုလည်း ပြန်လည် ကျင်းပလာခဲ့ရာ ယခုအချိန်တွင် ချမ်းသာကုန်းသည် မယ်တော်အား သဒ္ဓါကြည် ညိုကိုးစားရာ ဌါနတစ်ခု ဖြစ်လာပြီး မြန်မာပြည် ကက်သလစ် အသင်းတော်အတွက် ဘုရားဖူး နေရာတစ်ခု အဖြစ် လူသိများလာခဲ့ပြီ ဖြစ်သည်။

ချမ်းသာကုန်းမယ်တော် ပွဲအား နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိသည်။ အကြောင်းမှာ ဤနေ့သည် ပိတ်ရက် ဖြစ်သဖြင့် လူအများ အလွယ်တကူ လာရောက်နိုင်ကြသောကြောင့် ဖြစ်သည်။

Ref: RVA-Myanmar Service

---

အချိန်တွင် စတင်ကျင်းပခဲ့သည်။ ထို "Seosomun Martyrs Shrine" ဟူသော နေရာသည် ခရစ်ယာန်များကို သေဒဏ်ချမှတ်ပြီး ကွပ်မျက်ခဲ့သည့်နေရာ ဖြစ်ပါသည်။ ၎င်းနေရာသည် နိုင်ငံတော်အစိုးရပိုင်သည့်နေရာဖြစ်ပြီး ယခုချိန်ထိ တရားရုံးအဖြစ် ဆက်လက်အသုံးပြုနေဆဲ ဖြစ်ပါသည်။

ကက်သလစ်ဘာသာဝင်များအတွက် မိမိတို့ ဘိုးဘေးတို့၏ ယုံကြည်ခြင်းပြသခဲ့သော သမိုင်းဝင် ထိုနေရာတွင် မစ္ဆားပူဇော်ခွင့်ရခြင်းသည် အသင်းတော် တစ်ခုလုံးအတွက် အလွန်အဓိပ္ပါယ်ရှိလှပေသည်။ မစ္ဆားတရား၏ အဝင် တော်သီချင်းကို ကျေးဇူးတော်သည် အံ့ဖွယ်ရာတည်း သီချင်းနှင့်စတင်ပြီး မစ္ဆားတရား အဆုံးတွင်မူ ဘိုးဘေးတို့၏ ယုံကြည်ချက်များကို သေသည့်တိုင်အောင် ဝန်ခံကြစို့ ဆိုသည့် ဓမ္မသီချင်းများကို အဓိပ္ပါယ်ရှိရှိ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် သီဆိုပြီး ပါဝင်တက်ရောက်သူတိုင်း၏ စိတ်နှလုံးထဲ၌ ပျော်ရွှင်ကြည်နူးဖွယ်ရာအဖြစ် အမှတ်ရ ကျန်ရစ်စေခဲ့ပါသည်။

မစ္ဆားတရားတော်မြတ်ကို ဆိုးလ် ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ် Yeom Soo Jung မှ ဦးဆောင်ပြီး တောင်ကိုးရီးယားနိုင်ငံရှိ ကက်သလစ်အသင်းတော်၏ ယုံကြည်ခြင်းသည် ဓမ္မအာဇာနည်များ၏ အသွေးတော် သွန်းလောင်းခြင်းအားဖြင့် တိုးတက်ပြန့်ပွားသည်ကို သမိုင်းအထောက်အထားများနှင့် ဩဝါဒတွင် ဟောကြားခဲ့ပါသည်။

ထို့နောက် ဗာတီကန်မှ ကြွရောက်လာသော ရဟန်းမင်းကြီး၏ ကိုယ်စားလှယ် Archbishop Salvatore Rino Fisichella (President of the Pontifical Council for the New Evangelization) သည် ကိုးရီးယားနိုင်ငံ ဆိုးလ်မြို့အား နိုင်ငံတကာ ဘုရားဖူးနယ်မြေအဖြစ် အသိအမှတ်ပြုသည့် ပုပ်ရဟန်းမင်းကြီး၏ အမိန့်စာချွန်တော်ကို ဖတ်ပြခဲ့ပါသည်။

မစ္ဆားတရားအပြီးတွင် "Korean Martyrs Exaltation Committee" များ၏ အစီအစဉ် အတိုင်း လက်ဆောင်ဆက်ကပ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထို့နောက် နိုင်ငံ အသီးသီးမှ ကြွရောက်လာသည့် ဆရာတော်များမှ မိမိတို့ နိုင်ငံမှ ယူဆောင်လာသော အမှတ်တရ လက်ဆောင်များကို Martyrs Exaltation Committee များထံသို့ အပ်နှံကြသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံကိုယ်စား ဆရာတော်ကြီး ဖဲလစ် မှ မြန်မာမှုပြုထားသော မယ်တော်မာရီယား ဆင်းတုကို ပေးအပ်ခဲ့သည်။ ၎င်းဆင်းတုသည် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာပြည်သို့ ကြွရောက်လာ စဉ်က မြန်မာပြည်ရောက် အမှတ်တရအနေဖြင့် ပေးအပ်ခဲ့ သော မြန်မာ မယ်တော် ဆင်း တုနှင့် အတူတူဖြစ်သည်။

တောင်ကိုးရီးယားနိုင်ငံတွင်၂၀၁၄ ခုနှစ်တွင် ကက်သလစ်ရာခိုင်နှုန်းသည် (၁၀) ရာခိုင်နှုန်းသာ ရှိခဲ့သော်လည်း အခုချိန် (၂၀၁၈) တွင် (၁၉) ရာခိုင်နှုန်း အထိ တိုးလာသည်ဟု ဘုရားဖူးသူများကို လမ်းညွှန် Joseph က ပြောခဲ့ပါသည်။ ထို့အပြင် ကိုးရီးယားနိုင်ငံ၏ အစိုးရအဖွဲ့တွင်လည်း ကက်သလစ်ဘာသာဝင်များ၏ ပါဝင်မှုသည် ရာခိုင်းနှုန်း အတော်အသင့်ရှိကြောင်း သိရပါ သည်။ နိုင်ငံတော်အကြီးအကဲများအနေနှင့်လည်း ကက်သလစ် အသင်းတော်ကို လေးစား အားကိုးနေရကြောင်းနှင့် ကိုးရီးယားနိုင်ငံရှိ ကက်သလစ် ဘာသာဝင်များသည် အမည်ခံ ကက်သလစ်များသာ မဟုတ်ဘဲ၊ ယုံကြည်ခြင်းကို အသက်တာ၌ ကျင့်ကြံကြသော ကက်သလစ်ဘာသာဝင်စစ်စစ်များ ဖြစ်ကြောင်း ဧည့်လမ်းညွှန် Joseph မှ ဂုဏ်ယူဝင့်ကြွားစွာ အားရပါးရ ပြောပြခဲ့ပါသည်။

တောင်ကိုးရီးယားနိုင်ငံသို့ ကျွန်တော်၏ (၅) ရက်တာ ဘုရားဖူးခရီးစဉ်အတွင်း လှုပ်ရှားမှုများမှ မြန်မာနိုင်ငံရှိ ဘာသာတူများ သိသင့်သိထိုက်သည့် အကြောင်းအရာအချို့ကို ဝေမျှခြင်းဖြစ်ပါသည်။ ဤအကြောင်း အရာများကို ဖတ်ရှုသူတိုင်းသည် တောင်ကိုးရီးယား ဓမ္မအာဇာနည် ရဟန္တာများ၏ အကျိုးကုသိုလ်တော်များ ခံစားကြ ပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်

Fr. Joseph Zo Mung (KOSC & RVA)

# နိုင်ငံတော် အစိုးရနှင့် NCA လက်မှတ်ထိုးထားသော တိုင်းရင်းသားအဖွဲ့များ ၂ ရက်တာ သီးသန့် အစည်းအဝေးပွဲ ကျင်းပခဲ့ပြီး ငြိမ်းချမ်းရေး ရှေ့ဆက်နိုင်ရေးအတွက် သဘောတူညီမှု အချက် (၇) ချက်ရရှိခဲ့

နိုင်ငံတော် အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များနှင့် သီးသန့် အစည်းအဝေးကို နေပြည်တော် ရွှေစံအိမ်ဟိုတယ်တွင် အောက်တိုဘာလ ၁၅ ရက်နှင့် ၁၆ တို့က ကျင်းပပြုလုပ်ခဲ့ကြသည်။



**ရည်ရွယ်ချက်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှု သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၃) နှစ်ပြည့် အချိန်တွင် ငြိမ်းချမ်းရေးအတွက် အနှစ်သာရ၊ အကျိုးရလဒ် ထွက်ပေါ်လာစေရေး၊ (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်ကို အကောင်အထည်ဖော်ရာတွင် သဘောတူညီချက် မရသေးသည့် အချက်များအား ခေါင်းဆောင်များ၏ နိုင်ငံရေး သဘောတူညီချက်ဖြင့် ဖြေရှင်းနိုင်ရန်၊ (NCA) အကောင်အထည်ဖော်မှုဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် အရေးကြီးသည့် အခြေခံမှုများချမှတ်နိုင်ရန်စသည့် နိုင်ငံရေး ရည်ရွယ်ချက်များဖြင့် သီးသန့်အစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ၎င်းသီးသန့် အစည်းအဝေးက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

သီးသန့်အစည်းအဝေး ပထမနေ့ကို အောက်တိုဘာလ (၁၅) ရက်နံနက်ပိုင်း (၁၀)နာရီတွင် စတင်ခဲ့ပြီး နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုအစိုးရကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား အဖွဲ့ကိုယ်စားလှယ်များတက်ရောက်ခဲ့သည်။

အစည်းအဝေးအစတွင် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက အမှာစကား အသီးသီးပြောကြားခဲ့သည်။

**အစည်းအဝေးတွင် အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားသော မိန့်ခွန်း ကောက်နှုတ်ချက်**

လွန်ခဲ့သည့် ၃ နှစ်က NCA လက်မှတ်ရေးထိုးခဲ့ကြသည့် အဖွဲ့များကြား NCA စာချုပ် အကောင်ထည်ဖော်မှု ကိစ္စရပ်များတွင် ကြုံတွေ့နေကြသော အခက်အခဲများ ကျော်လွှားရေးအတွက် ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သီးသန့်အစည်းအဝေးတွင် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

အစိုးရနှင့် တိုင်းပြည် ရင်ဆိုင်တွေ့ကြုံနေရသော အခက်အခဲစိန်ခေါ်မှုများနှင့် ပတ်သက်၍လည်း "အသွင်ကူးပြောင်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ တစ်နိုင်ငံလုံးစီးပွားရေး၊ ရခိုင်ပြည်နယ်အရေးနဲ့ ပထဝီနိုင်ငံရေး စတဲ့ အသွင်မကူတဲ့ အခက်အခဲတွေ အမျိုးမျိုးရှိနေတာ တွေ့ရပါလိမ့်မယ်" ဟု ၎င်းက ဆိုသည်။ ထို့အပြင် ငြိမ်းချမ်းရေး ဆွေးနွေးမှုများနှင့် ပတ်သက်ပြီး အဖျက်အမှောင့်များ သွေးထိုးမှုများ ကြုံလာတတ်ကြောင်း နိုင်ငံတော် အတိုင်ပင်ခံက ၎င်း၏ မိန့်ခွန်းတွင် သတိပေးခဲ့သည်။

"နိုင်ငံရေးအရ သဘောတူညီချက်တွေ နည်းသွားလို့၊ တင်းမာမှုတွေ ပေါ်လာလို့၊ ယုံကြည်မှု အားနည်းတာမျိုးတွေ မဖြစ်ကြဖို့ ပြောချင်ပါတယ်။ ဘယ်သူ့ ဘယ်သူ့ကိုမှလည်း အပြစ်တင်တာမျိုးတွေ မလုပ်ကြဖို့ ကျွန်မတို့အားလုံး ညီညီညွတ်ညွတ်ရှိကြဖို့ အလေးအနက်ပြောကြား ချင်ပါတယ်" "နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်နေပြီဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ကိစ္စတွေကို တစ်ချိန်ချိန်မှာ ဖြေရှင်းရမှာဖြစ်တဲ့အတွက် ဒီလိုမျိုး အခြေအနေကို ကြုံရတာ မဆန်းပါဘူး" ဟု နိုင်ငံရေး ဖြစ်စဉ် အကျပ်အတည်းများနှင့် ပတ်သက်ပြီး ၎င်းက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုကြီးမှ ခွဲမထွက်ရေး အဆိုနဲ့ပတ်သက်၍ "ဒီနေရာမှာ ခွဲမထွက်ရေးက အရေးကြီးသလို ခွဲမထွက်ချင်တဲ့၊ ခွဲထွက်စရာ မလိုတဲ့ ပြည်ထောင်စုကြီးဖြစ်လာအောင် အားလုံးပူးပေါင်းပြီး အကောင်အထည်ဖော်ဖို့ကလည်း အင်မတန်အရေးကြီးတယ်ဆိုတာလည်း ပြောချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထိုနေ့ နံနက်ပိုင်း ၁၁ နာရီတွင် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကေအန်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့ သုံးဦးတည်း သီးသန့်တွေ့ဆုံ ခဲ့ကြသေးသည်။ တွေ့ဆုံစဉ်တွင် တစ်ဦးနှင့် တစ်ဦး အပြန်အလှန် စိုးရိမ်မှုများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း သတင်းဌာနများ၏ ဖော်ပြချက်များအရသိရသည်။

အောက်တိုဘာ ၁၆ ရက်နေ့ သီးသန့်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပအပြီးတွင် သဘောတူညီချက် အချို့ရရှိခဲ့ကြပြီး ၂ ရက်တာကျင်းပခဲ့သော သီးသန့် အစည်းအဝေး၏ သဘောတူကြေညာချက်တစ်စောင် ထုတ်ပြန်ကြေညာခဲ့သည်။

ဒီမိုကရေစီ နှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမှုများ ချမှတ်နိုင်ရေးအတွက် လိုအပ်သည့် အချိန်ဇယားနှင့် ဦးစားပေးလုပ်ငန်းများ၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူညီမှု ရရှိရန် လိုအပ်နေသည့် ကိစ္စရပ်များအား ဖြေရှင်းကျော်လွှားနိုင်ရေး၊ နိုင်ငံရေးဆွေးနွေးမှုကို ပိုမိုရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအကောင်အထည်ဖော်ရာတွင် ခေါင်းဆောင်များကြား သဘောတူညီမှု ရယူပြီး ယင်းသဘောတူညီချက်ကို အကောင်အထည်ဖော်ရေး၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း ကိစ္စရပ်များ လုပ်ငန်းစဉ်များကို စတင်ပြုလုပ်ရေး၊ NCA တွင် လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ပါဝင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ တိုက်ခိုက်မှု ရပ်စဲရေး ပိုမိုခိုင်မာအောင် NCA ပါ သဘောတူညီမှုအတိုင်း ဆက်လက်ဆောင်ရွက်ရေး စသော သဘောတူညီချက် (၇) ခုကို သီးသန့် အစည်းအဝေးပွဲအပြီးတွင် သဘောတူညီမှုရရှိခဲ့ကြောင်း စည်းဝေးပွဲ အပြီးတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ချမ်းဇော်အောင်၊ CBCM-OSC

# ပြည်ထောင်စု ဒုတိယဝန်ကြီး သုံးဦးနှင့် နေပြည်တော်ကောင်စီဝင် တစ်ဦး ထပ်မံ ခန့်အပ်တာဝန်ပေးခဲ့

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန စသည့် ပြည်ထောင်စုဝန်ကြီးဌာန သုံးခုအတွက် ဒုတိယဝန်ကြီး သုံးဦးကို အောက်တိုဘာလ ၁၅ ရက်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ခန့်အပ်တာဝန်ပေးခဲ့သည်။

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဦးကြည်မင်းကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဒေါက်တာ ရဲမြင့်ဆွေကိုလည်းကောင်း၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးကို ဦးလှမော်ဦးကို လည်းကောင်း အသီးသီး ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် အောက်တိုဘာလ ၁၅ ရက်နေ့မှာပင် ဦးညီထွန်းကို နေပြည်တော် ကောင်စီဝင် အဖြစ် နိုင်ငံတော် သမ္မတဦးဝင်းမြင့်က ခန့်အပ်ခဲ့သည်။ ဝန်ကြီးဌာန သုံးခုအတွက် ဒုတိယဝန်ကြီးများနှင့် နေပြည်တော် ကောင်စီဝင်တစ်ဦးကို ဒီချုပ်အစိုးရ သက်တမ်း သုံးနှစ်ပြည့်ခါနီး အချိန်တွင် ထပ်မံခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ချမ်းဇော်အောင်၊ CBCM

# မြန်မာနိုင်ငံဆိုင်ရာ ကုလအထူးကိုယ်စားလှယ်သစ် မြန်မာနိုင်ငံသို့ ဒုတိယခြောက်ခရီးစဉ်လာရောက်ခဲ့ပြီး ရခိုင်နှင့် ကချင်ပြည်နယ်များသို့ သွားရောက်ခဲ့



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်သည် အောက်တိုဘာလ ၁၀ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အစိုးရအရာရှိများ၊ တပ်မတော်ခေါင်းဆောင်များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့သည်။

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား အောက်တိုဘာလ ၁၂ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်အတွင်း သဟဇာတရှိစွာ နေထိုင်နိုင်ရေးအတွက် လူထုအား အသိပညာပေးဆောင်ရွက်နေမှုများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာအစိုးရနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။

၎င်းတွေ့ဆုံပွဲတွင် အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှအဆင့်မြင့် အရာရှိကြီးများ ပါဝင်ခဲ့ကြောင်း သိရသည်။ အထူးကိုယ်စားလှယ်သည် နေပြည်တော်တွင် တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးတို့နှင့်လည်း သီးခြားစီတွေ့ဆုံခဲ့သည်။

အောက်တိုဘာ ၁၃ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်သည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိခဲ့ပြီး အောက်တိုဘာလ ၁၅ ရက်တွင် ရခိုင်မြောက်ပိုင်း ပဋိပက္ခဖြစ်ပွားခဲ့သည့်နေရာများသို့ သွားရောက်က ဒေသခံတိုင်းရင်းသားများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအရာရှိများနှင့် တွေ့ဆုံခဲ့၍ အကြမ်းဖက်ဖြစ်စဉ်များ၊ ဒေသခံများ၏ စားဝတ်နေရေး ကိစ္စများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် အထူးကိုယ်စားလှယ်သည် အောက်တိုဘာ(၁၇) ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားသို့ ရောက်ရှိ၍ ကချင်ပြည်နယ် ဝန်ကြီးချုပ်အပါဝင် အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးကိစ္စ၊ စစ်ဘေးရှောင် ဒုက္ခသည်များအရေးနှင့် ဒေသဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ ထို့အပြင် အထူးကိုယ်စားလှယ်သည်မြစ်ကြီးနားနှင့် ဗိုင်းမော်မြို့နယ်များရှိ ခရစ်ယာန်ဘုရားကျောင်းများတွင် ဖွင့်လှစ်ထားသော IDPs စခန်းများအား သွားရောက်လေ့လာခဲ့ပြီး စစ်ရှောင်မိသားစုဝင်များနှင့် တွေ့ဆုံခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူး ကိုယ်စားလှယ် Ms. Christine Schraner Burgener သည် သဘောထားတင်းမာသည့် ယခင်ကိုယ်စားလှယ် ယန်ဟီးလီနေရာတွင် အစားထိုးခန့်အပ်ထားခြင်း ဖြစ်ပြီး မြန်မာနိုင်ငံသို့ ယခုအကြိမ်ခရီးစဉ်သည် ၎င်း၏ ဒုတိယ မြောက်ခရီးစဉ်ဖြစ်သည်။ ၎င်း၏မြန်မာနိုင်ငံသို့ ပထမဆုံး ခရီးစဉ်ကို ယခုနှစ် ဇူလိုင်လအတွင်းက လာရောက်ခဲ့ခြင်းဖြစ်သည်။

ချမ်းဇော်အောင်၊ CBCM-OSC

Photo - State counsellor office, kachin state government office

# ၂၀၁၈-၂၀၁၉ ခုနှစ် အယ်လ်နီညို ရာသီဥတုဖြစ်စဉ် စတင်ပြီဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာ ဦးထွန်းလွင် ပြော

ယခုလ ၁၀ ရက်မှ စတင်က မြန်မာနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် စတင်ပြီဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တင်ထွန်းလွင်က ကြေညာခဲ့သည်။

အယ်လ်နီညိုရာသီဥတု စောင့်ကြည့်ရေးအဖွဲ့ (NOAA,USA) ရဲ့ အောက်တိုဘာလ ၁၀ ရက်နေ့ ထုတ်ပြန်ချက်အရ အယ်လ်နီညို ရာသီဥတုအခြေအနေစောင့်ကြည့်ရန် သတ် မှတ်ထားသော ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်း အီကွေတာတလျှောက်ရှိ ဧရိယာ(၄) ခုလုံး တွင်ပင်လယ် ရေမျက်နှာပြင်အပူချိန် ပုံမှန်မှကွာခြားမှု(SSTA) တန်ဖိုးများမှာ 0.7°C မှ 0.8°C တွေ့ရှိရပြီး ပုံမှန်မှကွာခြားမှု(SSTA) အနည်းဆုံးတန်ဖိုးမှာ 0.5°C ဖြစ်သဖြင့်၊ ဧရိယာ(၄) ခု လုံးတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ရာနှုန်းပြည့်ဖြစ်နေပြီဟု ဆိုနိုင်ကြောင်း ဦးထွန်းလွင် က ၎င်း၏ fb စာမျက်နှာမှ တစ်ဆင့် ကြေညာခဲ့သည်။

ယခုတန်ဖိုးများ ဆက်လက်ဖြစ်ပေါ်နေပါက ၂၀၁၈-၁၉ ခုနှစ် အယ်လ်နီညိုဖြစ်စဉ် တရာဝင်စတင်ပြီဟု ဆိုနိုင်ပါကြောင်း မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်က ပြောကြားခဲ့သည်။

အောက်တိုဘာလ ၁၀ရက်ခန့်ကလည်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း TITLI ဖြစ်ပေါ်ခဲ့ပြီး မြန်မာနိုင်ငံ အထက်ပိုင်း တိုင်းနှင့်ပြည်နယ်များတွင် မိုးဆက်တိုက်ရွာသွန်းမှုများဖြစ်ပေါ်ခဲ့သည်။




## ဂျေရာဗိုလို ဆုတောင်းပြည့် မယ်တော်ပွဲ

နိုဗီနာ ရက်များ နိုဝင်ဘာ ၂၉ - ဒီဇင်ဘာ ၇ ရက်

ပွဲတော်ရက်
ဒီဇင်ဘာ ၈ ရက်

ဖယ်ခုံဂိုဏ်းအုပ် သာသနာ - ဖယ်ခုံမြို့

# ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၁ ရက်တွင် ကျရောက်သော ကမ္ဘာ့သာသနာပြု တနင်္ဂနွေ အတွက် ထုတ်ပြန်သော ကက်သလစ် အသင်းတော်၏ အထွေထွေစာရင်း

## ကမ္ဘာ့လူဦးရေနှင့် ကက်သလစ်ဦးရေ နှင့် ကက်သလစ် ရာခိုင်နှုန်း

| တိုက်/ဒေသ | လူဦးရေပေါင်း | ကက်သလစ်ဦးရေ | ရာခိုင်နှုန်း |
|---|---|---|---|
| အာဖရိက | ၁,၁၈၇,၀၉၈,၀၀၀ | ၂၂၈,၄၃၅,၀၀၀ | ၁၉.၂၄% |
| အမေရိက | ၉၉၀,၇၄၇,၀၀၀ | ၆၃၁,၂၉၁,၀၀၀ | ၆၃.၇၄% |
| အာရှ | ၄,၄၁၆,၈၀၇,၀၀၀ | ၁၄၃,၃၆၈,၀၀၀ | ၃.၂၅% |
| ဥရောပ | ၇၁၈,၀၁၈,၀၀၀ | ၂၈၅,၅၁၂,၀၀၀ | ၃၉.၇၆% |
| သမုဒ္ဒရာ | ၃၉,၆၁၉,၀၀၀ | ၁၀,၄၅၃,၀၀၀ | ၂၆.၃၈% |
| စုစုပေါင်း | ၇,၃၅၂,၂၈၉,၀၀၀ | ၁,၂၉၉,၀၅၉,၀၀၀ | ၁၇.၆၇% |

## ဆရာတော်ကြီးများ

| တိုက်/ဒေသ | စုစုပေါင်း | သာသနာ | သူတော်စင် |
|---|---|---|---|
| အာဖရိက | ၇၁၆ | ၅၀၈ | ၂၀၈ |
| အမေရိက | ၂၀၁၉ | ၁၄၅၄ | ၅၆၅ |
| အာရှ | ၈၀၁ | ၆၁၀ | ၁၉၁ |
| ဥရောပ | ၁၆၈၅ | ၁၄၃၆ | ၂၄၉ |
| သမုဒ္ဒရာ | ၁၃၂ | ၈၂ | ၅၀ |
| စုစုပေါင်း | ၅၃၅၃ | ၄၀၉၀ | ၁၂၆၃ |

## ဘုန်းတော်ကြီးများ

| တိုက်/ဒေသ | စုစုပေါင်း | သာသနာ | သူတော်စင် |
|---|---|---|---|
| အာဖရိက | ၄၅၂၂၉ | ၃၁၅၂၁ | ၁၃၇၀၈ |
| အမေရိက | ၁၂၂၄၄၇ | ၈၄၈၂၉ | ၃၇၆၁၈ |
| အာရှ | ၆၆၀၁၈ | ၃၇၇၂၂ | ၂၈၂၉၆ |
| ဥရောပ | ၁၇၆၅၅၇ | ၁၂၄၉၈၄ | ၅၁၆၀၉ |
| သမုဒ္ဒရာ | ၄၇၁၈ | ၂၈၁၁ | ၁၉၀၇ |
| စုစုပေါင်း | ၄၁၄၉၆၉ | ၂၈၁၈၃၁ | ၁၃၃၁၃၈ |

## ဘရာသာရ်၊ စစ္စတာများ

| တိုက်/ဒေသ | ဘရာသာရ်များ | စစ္စတာများ |
|---|---|---|
| အာဖရိက | ၈၇၃၁ | ၇၂၅၁၀ |
| အမေရိက | ၁၄၈၁၈ | ၁၆၈၀၇၈ |
| အာရှ | ၁၂၃၂၀ | ၁၇၁၈၂၉ |
| ဥရောပ | ၁၅၃၉၀ | ၂၃၉၃၇၃ |
| သမုဒ္ဒရာ | ၁၃၆၆ | ၇၅၅၅ |
| စုစုပေါင်း | ၅၂၆၂၅ | ၆၅၉၄၄၅ |

## သာမန်ဘာသာဝင် သာသနာပြု၊ ဓမ္မဆရာ/များ

| တိုက်/ဒေသ | ဘာသာဝင်သာသနာပြုများ | ဓမ္မဆရာ/များ |
|---|---|---|
| အာဖရိက | ၈၆၇၃ | ၄၁၅၈၇၃ |
| အမေရိက | ၃၀၆၁၁၂ | ၁၇၅၅၇၄၇ |
| အာရှ | ၂၉၂၃၃ | ၃၇၃၆၁၅ |
| ဥရောပ | ၁၀၅၉၂ | ၅၂၆၆၂၃ |
| သမုဒ္ဒရာ | ၁၃၃ | ၁၄၄၃၁ |
| စုစုပေါင်း | ၃၅၄၇၄၃ | ၃၀၈၆၂၈၉ |

## ရဟန်းဖြစ်သင်ကျောင်းသားများ

| တိုက်/ဒေသ | စုစုပေါင်း | သာသနာ | သူတော်စင် |
|---|---|---|---|
| အာဖရိက | ၃၀၄၆၂ | ၂၀၅၂၁ | ၉၉၄၁ |
| အမေရိက | ၃၂၃၈၉ | ၂၂၅၇၆ | ၉၈၁၃ |
| အာရှ | ၃၄၇၅၀ | ၁၆၃၇၈ | ၁၈၃၇၂ |
| ဥရောပ | ၁၇၆၁၅ | ၁၁၀၄၇ | ၆၅၆၈ |
| သမုဒ္ဒရာ | ၉၄၄ | ၅၉၅ | ၃၄၉ |
| စုစုပေါင်း | ၁၁၆၁၆၀ | ၇၁၁၁၇ | ၄၅၀၄၃ |




ရန်ကုန် ဂိုဏ်းချုပ်သာသနာ



လားရှိုးဂိုဏ်းအုပ်သာသနာ



ကလေးဂိုဏ်းအုပ်သာသနာ



ဖားအံဂိုဏ်းအုပ်သာသနာ